# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့။ | Friday, 23 September 2022 | ၁၀၈၆၇


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရွှေဒင်္ဂါးပြားများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စက်တင်ဘာ ၂၃ ရက်မှစ၍ လွတ်လပ်စွာ ရောင်းချပေးရန် စီစဉ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ်သား အလေးချိန်ရှိသော ရွှေဒင်္ဂါးပြားများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်သာမက ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးတို့တွင်ပါ စက်တင်ဘာ ၂၃ ရက်မှ စတင်၍ လွတ်လပ်စွာရောင်းချပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ ဖတ်စရာ

**ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး၊ ကလောမြို့ကို ထင်းရှူးမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၃

**မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ**

ဆောင်းပါး စာမျက်နှာ » ၆



**အချက်အလက်အပေါ်အခြေခံပြီး စေတနာကို မြင်အောင်ကြည့်ပါ တိုးတက်မှုကို တွေ့ရမှာ**

ဆောင်းပါး စာမျက်နှာ » ၁၀

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

**ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီ**

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံး ပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪




ကြေးမုံ

# ကျန်းမာစွာနေထိုင်ခြင်းဖြင့်ရောဂါတားဆီး

မျက်မှောက်ကာလတွင် ကျောက်ကပ်၊ ကင်ဆာ၊ အသည်း စသည့် မကူးစက်သောရောဂါများ အဖြစ်များလျက်ရှိသလို ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်နိုင်သောရောဂါများလည်း အဖြစ်များလျက်ရှိသည်။ ပုံမှန်နေထိုင်မှုဘဝတွင် လှုပ်ရှားသွားလာလုပ်ကိုင်လျက်ရှိနေ၍ ကျန်းမာနေသည်ဟု ထင်မှတ်ရသော်လည်း ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်ခြင်းမရှိသောအခါ တစ်နေ့နေ့တွင် ရောဂါတစ်မျိုးမျိုးနှင့်ကြုံတွေ့ကြရသည်။ ထို့ကြောင့် ရောဂါတစ်မျိုးမျိုးနှင့် မကြုံတွေ့နိုင်စေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံကို နေ့စဉ်သတိပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရောဂါဖြစ်ပွားရခြင်းအကြောင်းများတွင် မိမိကိုယ်ကိုသတိမမူ အလေးမထားဘဲ နေထိုင်ခြင်းသည် အဓိကကျသောအချက်ဖြစ်သည်။ လက်ရှိတွင် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါအဖြစ်များလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ ပြီးခဲ့သည့်ရက်သတ္တပတ်မှစတင်၍ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မြင့်မားလာသည်ကိုတွေ့ရသည်။ အစောပိုင်းက နေ့စဉ်ဖြစ်ပွားမှုနှုန်း လူနာဆယ်ဂဏန်းမျှရှိသော်လည်း ယခုနောက်ပိုင်းတွင် ရာဂဏန်းမှ တဖြည်းဖြည်း ကူးစက်ဖြစ်ပွားလာရာ စက်တင်ဘာလ ၂၁ ရက်နေ့ တစ်ရက်တာစစ်ဆေးတွေ့ရှိချက်အရ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၀ နီးပါးရှိလာပြီး ရောဂါကြောင့် သေဆုံးသူတစ်ဦးရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆေးရုံသို့လာရောက်စစ်ဆေးခြင်းမရှိဘဲ ပြင်ပတွင်ရောဂါရှိသူများ မည်မျှရှိနေသည်ကို မခန့်မှန်းနိုင်သဖြင့် ရောဂါဖြစ်ပွားနှုန်း ဆက်လက်တိုးမြင့်နေမည်ကို သတိရှိကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုစိုက်ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ယခုဖြစ်ပွားနေသော အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ပိုးကူးစက်မှုမှာ ရောဂါကူးစက်ဖြစ်ပွားမှုမြန်ဆန်သော်လည်း သေဆုံးသူနည်းပါးရခြင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်၊ ထပ်ဆောင်းထိုးနှံထားသောကြောင့်ဖြစ်သည်။ သို့သော် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားခြင်းလည်းမရှိ၊ ရောဂါတစ်မျိုးမျိုးဖြစ်စေ ဝေဒနာစွဲကပ်သူတစ်ဦးသည် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခြင်းခံရပါက သေဆုံးနိုင်ခြေများသည်ကို ယနေ့ကာလတွင် လက်တွေ့မြင်တွေ့နေရပေသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူများစွာရှိနေပြီး အခြားနိုင်ငံများတွင်လည်း သေဆုံးသူရှိနေသည်။ မြန်မာနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားနေသော်လည်း သေဆုံးသူမရှိသလောက်ဖြစ်ရာမှ ယမန်နေ့က သေဆုံးသူစတင်တွေ့ရှိလာသည်ကို အထူးဂရုပြုကာ ရောဂါကာကွယ်ရေးကို အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ဓာတ်ခွဲစစ်ဆေးအတည်ပြုလူနာများအနက်မှ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများရှိနေပြီး ယမန်နေ့ကတစ်ဦးအပါအဝင် စုစုပေါင်း ၁၃၉ ဦးရှိနေပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများတွင် ၉၇ ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများဖြစ်နေသည်ကိုတွေ့ရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအခြေအနေမှာ သေဆုံးသူများ၏ ၇၉ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများဖြစ်နေသည်။ ၁၈ ဒသမ ၆ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားပြီး နှစ်ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုမရှိစေရေးအတွက် ပြည်သူများအနေဖြင့် အခြားရောဂါများဖြစ်ပွားမှုမရှိစေရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်၊ ထပ်ဆောင်းထိုးနှံကြရန် အထူးအသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၂ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာလင်းအောင် အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Course ဖွင့်လှစ်မည်

**သန်လျင် စက်တင်ဘာ ၂၂**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Course (2nd Batch)ကို ၆-၁၀-၂၀၂၂ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

➢ Certificate in Business Law

Link; https://forms.gle/48axjQStY5jSo6Cf7

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link မှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၃၀-၉-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၄၀၀ | ၉,၅၀၀ | ၄,၄၇၉ | ၄၂,၅၅၀,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၃,၈၇၁ | ၁၃,၄၃၁,၈၅၀ |
| MCB | ၇,၅၀၀ | ၇,၈၀၀ | ၆၃၃ | ၄,၇၅၄,၄၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၃၉ | ၇၉၉,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁,၀၀၀ | ၂,၈၅၀,၀၀၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၃၂ | ၈၈,၀၀၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၇၃.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၆.၆၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၂၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၉.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၉၉၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၅.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၇၅.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၁၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄၄ / ၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး၊ ကလောမြို့ကို ထင်းရှူးမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုး-ဘော်ဆိုင်း ကားလမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး၊ ကလောမြို့ကို ထင်းရှူးမြို့တော်ဖြစ်စေရေး၊ မကွေးတိုင်းဒေသကြီးအတွင်းနှင့် ဧရာဝတီမြစ်အနောက်ဘက်နယ်မြေအား သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသော သစ်တောဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယ(ခြောက်လ) မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောစိုက်ခင်းနှင့် ကျေးရွာသုံးထင်းစိုက်ခင်များ တည်ထောင်ခြင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝဒီရေတောများနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများအား ထိန်းသိမ်းကာကွယ်ခြင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်စောင့်ရှောက်ခြင်း၊ ဂေဟစနစ်ထိန်းသိမ်းခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး နောင်အနာဂတ်မျိုးဆက်များအတွက် သစ်တောသယံဇာတများ ထာဝစဉ်စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ရေး လက်ဆင့်ကမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မိုးရာသီတွင် တည်ထောင်မည့် သစ်တောစိုက်ခင်းများနှင့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော အမြင့် နှစ်ပေအထက် ပျိုးပင်များ လုံလောက်စွာရရှိနိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန်လိုကြောင်း။

တရားမဝင်သစ်ကိစ္စများနှင့် ပတ်သက်၍ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သတင်းရယူပြီး ဖော်ထုတ်ဖမ်းဆီးရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ပြည်ပသို့ တရားမဝင်သစ်ခိုးထုတ်ရာ ပင်လယ်ထွက်ပေါက်နေရာများကို အထူးအလေးထား ကြပ်မတ်စစ်ဆေးပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ်စီမံကိန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၉ ခုတွင် အောင်မြင်အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီနေထိုင်ပြီး မိမိတို့၏ ဝန်ထမ်းအဖွဲ့အစည်းအတွင်း မိသားစုစိတ်ဓာတ်ဖြင့် ဌာန၏ရည်မှန်းချက်၊ မျှော်မှန်းချက်များ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများက ကဏ္ဍအလိုက် ၂၀၂၃ မိုးရာသီတွင် အကောင်အထည်ဖော်မည့်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ခရိုင်တာဝန်ခံများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေး ဖြစ်သည်။

**လေ့ကျင့်သင်ကြားပေးလျက်ရှိ**

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် နှစ်လသားအရွယ်တွင် အရပ်အမြင့် နှစ်ပေ ခုနစ်လက်မခွဲ၊ ကိုယ်လုံး လုံးပတ် သုံးပေ ရှစ်လက်မ၊ ကိုယ်အလေးချိန် ၂၀၄ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human Friendly Training စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kung Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kung Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ တူညီဆန္ဒ (၅)ချက်အရ မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီ ပေးအပ်မည့်အစီအစဉ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လူသားချင်းစာနာမှုအကူအညီပေးရေး ကနဦးလိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် (Preliminary Needs Assessment-PNA)အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်ရန်တို့ကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kung Phoak နှင့်အဖွဲ့ကလည်း ကနဦးလိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက် ဆက်လက်ဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် ဝန်ကြီးဌာနဘက်မှ ပံ့ပိုးကူညီပေးစေလိုသည်များ၊ အာဆီယံမှတစ်ဆင့် ပေးအပ်မည့် လူသားချင်းစာနာမှုအကူအညီပေးရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ပူးပေါင်းဆောင်ရွက်ရန်များ၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံအနေဖြင့် ပူးပေါင်းပံ့ပိုးနိုင်သည်များ၊ ကမ္ဘောဒီးယားနိုင်ငံ၏ အတွေ့အကြုံများ နီးနှော ဖလှယ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိသမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ၊ အောင်မြေသာစံမြို့နယ်ရှိ သမဝါယမ စာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းတို့ရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် နို့ချက်စက်ရုံကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဒုတိယနှစ်၊ တတိယနှစ်နှင့် မဟာတန်း (ဒုတိယနှစ်) သင်တန်းတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကိုလည်းကောင်း၊ တက္ကသိုလ်ကျောင်းဆောင်များ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရက်ကန်းပညာ အခြေပြု အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ဆောင်ရွက်ရန်၊ သင်တန်းသား သင်တန်းသူများ၏ နေထိုင်စားသောက်ရေး အဆင်ပြေအောင်ဆောင်ရွက်ပေးရန် မှာကြားကာ စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရွှေချည်ထိုး ငွေချည်ထိုးသင်တန်းလက်တွေ့ သင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စာသင်ကျောင်းဆောင်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ၏ စားသောက်နေထိုင်ရေး၊ သင်ကြားရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် နို့ချက်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်း တာဝန်ရှိသူများက တစ်နေ့လျှင် ၁၀ တန်ကျ သဘာဝမြေဩဇာထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် တစ်နေ့လျှင် နို့ဆီဘူး ၆၀၀၀ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စက်ကိရိယာများ ပြင်ဆင်မှု၊ အသစ်တပ်ဆင်မှုတို့ကို အချိန်မီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် စက်ရုံအား အကျိုးရှိစွာသုံးစွဲရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၆)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် စုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဆက်လက်ကျင်းပ






**နေပြည်တော် စက်တင်ဘာ ၂၂**

(၁၆)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် စုံညီအစည်းအဝေး (16th AMMTC) ကို စက်တင်ဘာ ၂၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ ၎င်း၏ ဆက်စပ်အစည်းအဝေးများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အပေါင်းသုံး(တရုတ်၊ ဂျပန်၊ ကိုရီးယား)တို့နှင့် ပြုလုပ်သော အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့် AMMTC ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

9th AMMTC + China ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးကို နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Wang Xiao Hong(မစ္စတာဝမ်ရှောင်းဟုန်)တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၃ နှင့် စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုကို အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းနှင့် ပူးတွဲကြေညာချက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ပူးတွဲသဘာပတိ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က သမားရိုးကျမဟုတ်သော လုံခြုံရေးအခန်းကဏ္ဍ၌ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နှစ်ဦးနှစ်ဖက်အပြန်အလှန် နားလည်ယုံကြည်မှုခိုင်မာအားကောင်းစေမည့် နည်းလမ်းများ ဖော်ထုတ်သွားကြမည်ဖြစ်ပါကြောင်း၊ ဖော်ထုတ်ရရှိသည့် နည်းလမ်းများကိုအကောင်အထည်ဖော်ရာတွင် ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများ၊ သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်တွင် ခိုအောင်းနေသော ရာဇဝတ်ဂိုဏ်းများကို ထိရောက်စွာတိုက်ဖျက်နိုင်ရေး အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် 12th AMMTC + 3 (တရုတ်၊ ဂျပန်၊ ကိုရီးယား)တို့နှင့် ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေး ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Samdech Kralahorm Sar Kheng က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့် ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုသည် လွန်ခဲ့သည့်နှစ်များမှစတင်၍ သိသာထင်ရှားစွာ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါကြောင်း၊ အကြမ်းဖက်သမားများသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ(ICT) အပါအဝင် ဆန်းသစ်သော နည်းပညာရပ်များကို တိုးမြှင့်အသုံးပြုလာကြပါကြောင်း၊ ထို့ပြင် ၎င်းတို့သည် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ (IEDs) နှင့် Drone များကို တွဲဖက်အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာကြပါကြောင်း၊ နောင်အနာဂတ်တွင် အကြမ်းဖက်သမားများသည် Drone များကို အသုံးပြု၍ ပြင်းအားမြှင့်ဖောက်ခွဲရေးပစ္စည်းများဖြင့် ပိုမိုဆောင်ရွက်လာကြမည်ဖြစ်ပါကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် World Trade Center တိုက်ခိုက်ခံရမှုကဲ့သို့ ခေတ်သစ် ၉/၁၁ တိုက်ခိုက်မှုကြီးမျိုး ကျူးလွန်နိုင်သည့် ကြိုးပမ်းဆောင်ရွက်မှုမျိုး ပြုလုပ်လာနိုင်ပါကြောင်း၊ လက်နက်မှောင်ခိုမှုခင်းများသည် အကြမ်းဖက်အုပ်စုများနှင့် ချိတ်ဆက်မှုရှိနေသဖြင့် လူ့အသိုင်းအဝိုင်းများ လုံခြုံဘေးကင်းမှုတွင် ခြိမ်းခြောက်မှုဖြစ်စေပါကြောင်း၊ အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်မူဘောင်မှ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း သိမ်းဆည်းရမိသော Drone များကို ခွဲခြမ်းစိတ်ဖြာ၍ ဒစ်ဂျစ်တယ်သက်သေခံ အထောက်အထားများ ဖော်ထုတ်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ပြုလုပ်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် 7th AMMTC + Japan ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးကိုလည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် 3rd AMMTC + ROK ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးကို လည်းကောင်း ကျင်းပရာ အစည်းအဝေးများတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံတကာစီးပွားရေးမှုခင်း၊ အကျဉ်းသားများ၊ လူဝင်မှုကြီးကြပ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် နည်းပညာမြင့်သော မှုခင်းများ စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် သတင်းအချက်အလက်၊ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာကျွမ်းကျင်မှုများဖလှယ်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများကို လက်ရှိ ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၃ မူဘောင်မှ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် AMMTC ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ကျင်းပရာ ၂၀၂၃ ခုနှစ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ AMMTC ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၈)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စုပေါင်းသွေးလှူဒါန်း

**အိမ်မဲ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၈ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ယင်းလုပ်ငန်းများကို အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မျိုး၊ မြို့မစခန်းမှူး ဒုရဲမှူးလေးနိုင်တို့ဦးဆောင်၍ တပ်ဖွဲ့ဝင် ကိုးဦး၊ တပ်ဖွဲ့ဝင်အမျိုးသမီး နှစ်ဦး၊ မိသားစုဝင်မှီခိုရဲမေ ငါးဦး စုစုပေါင်းအင်အား ၁၆ ဦးတို့က မြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသောသွေးများကို လှူဒါန်းခဲ့ကြသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ချမှတ်ထားသည့် အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘောတူညီချက်များ၊ အဖွဲ့ဝင်နိုင်ငံများမှ မဖြစ်မနေလိုက်ပါဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သော ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အချက်များကို ကုန်သွယ်ရေးဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံ ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြခဲ့ပြီး အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များအားဖြည့်စွက်ရှင်းလင်းခဲ့သည်။ ဆွေးနွေးချက်များအပေါ် အခမ်းအနားသို့တက်ရောက်လာသည့် အရာထမ်းများက သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယနေ့ ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ကြီးဌာနမှ အရာထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရင်းနှီးအကျွမ်းတဝင် သိရှိရန်၊ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်၌ မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းသာမက အခြားဝန်ကြီးဌာနများကပါ ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ရာ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် Action Plan ရေးဆွဲဆောင်ရွက်သွားရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်သွယ်မှုနှင့်ပတ်သက်ပြီး အသိပညာပေး အစီအစဉ်များ ဆက်လက်ပြုလုပ်သွားရန်နှင့် ကုန်သွယ်မှုဝန်းကျင်ကောင်းဖြစ်အောင် ဝန်ထမ်းအားလုံး တာဝန်ယူဆောင်ရွက်ကြရန် မှာကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးအထက် အရာထမ်းများ တက်ရောက်ခဲ့ကြပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိတာဝန်ခံ အရာထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေးပြောကြား**

တွေ့ဆုံစဉ် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကိုဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ဖြေရှင်းနိုင်ရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကို အပြန်အလှန် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ အစည်းအဝေး ပထမအကြိမ် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိမန်းမြန်မာဟိုတယ်တွင် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဋ္ဌေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်သူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။



ရှေးဦးစွာ အစည်းအဝေးပထမပိုင်းအနေဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက် ဩဝါဒစကားပြောကြားရာတွင် အလုပ်ဟူသည် ဂုဏ်ဟုခံယူထားသည့်အတွက် မိမိတို့အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့်ဆောင်ရွက်ပါက အမြဲတမ်းဂုဏ်ရှိနေမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ပါက မတိုးတက်စရာမရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက တစ်ဦးချင်းမိတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ အစည်းအဝေးပထမပိုင်းကို ရပ်နားလိုက်သည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကောင်စီအတွင်းရေးမှူး ဆရာဦးဝင်းဇော်က အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြကာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ထွန်းထွန်း**

# သနပ်ပင်မြို့၌ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ငါးသားပေါက်အကောင်ရေ ၇ ဒသမ ၅ သိန်း ငါးမျိုးစိုက်ထည့်

သနပ်ပင် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဘူတာပိုင်းရပ်ကွက် မြို့မဈေးတံတားအနီး ပဲခူး-စစ်တောင်းတူးမြောင်းတာပေါင်၌ ယနေ့နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးမြစ်ချင်းအကောင်ရေ ခြောက်သိန်း၊ ငါးခုံးမကြီးအကောင်ရေ ၁ ဒသမ ၅ သိန်း စုစုပေါင်း ငါးသားပေါက်အကောင်ရေ ၇ ဒသမ ၅ သိန်း ပဲခူးစစ်တောင်းတူးမြောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

# မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ

**မင်းခေါင်**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့သည့်နောက် ယနေ့တိုင် ကမ္ဘာ့အလယ်တွင် သမာသမတ်ကျကျ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို တစိုက်မတ်မတ်ကျင့်သုံး လျက်ရှိပြီး နိုင်ငံတိုင်းကို မိတ်ဝတ်မပျက်ဆက်ဆံခဲ့၍ နိုင်ငံတကာ ဆက်ဆံရေး သံခင်းတမန်ခင်းကဏ္ဍတွင် သမိုင်းအစဉ်အလာ ကြီးမား ခဲ့သည်။ ဒေသတွင်းနိုင်ငံများကြားတွင် ရှေ့ဆောင်နိုင်ငံဟုပင်ဆိုရ လောက်သည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် ကြိမ်ဖန်များစွာ အပြန် အလှန် ကူးလူးယှက်နွယ်ထိတွေ့ဆက်ဆံမှုရှိခဲ့၍ နိုင်ငံအချို့သည်၎င်းတို့၏ ကမ္ဘာ့အရေး၊ ဒေသတွင်းအရေးကိစ္စများတွင်ပါဝင်နယ်ဒီပလိုမေစီ သဘောအရ မြန်မာခေါင်းဆောင်များကို ကြားမှ အောင်သွယ်တော် အဖြစ် အကူအညီတောင်းခံမှုပေါင်းများစွာပင် ရှိခဲ့ဖူးသည်။

**စိန်ရတုကာလသို့ပင် ပြည့်မြောက်ပေတော့မည်**

မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး သည်လည်း လာမည့် ၂၀၂၃ ခုနှစ်ဆိုလျှင် (၇၅)နှစ်မြောက် စိန်ရတု ကာလသို့ပင် ပြည့်မြောက်ပေတော့မည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိပြီး ၄၅ ရက်အကြာ (၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့)တွင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုဟု ခေါ်တွင်ခဲ့သည့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြ သည်။

နှစ်နိုင်ငံမှ ခေါင်းဆောင်များသည်လည်း ချစ်ကြည်ရေးခရီးစဉ် များကို အပြန်အလှန်သွားရောက်လည်ပတ်ခဲ့ကြသည်။ ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးချုပ် ဦးနုသည် ဆိုဗီယက်ပြည်ထောင်စုသို့ ပထမဆုံးချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။ ထိုခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ် သည် ဝန်ကြီးချုပ် ဦးနုကို ဆိုဗီယက်ယူနီယံထဲရှိ ဂျူးလူမျိုးများ အစ္စရေး နိုင်ငံသို့ပြန်လာခွင့်ရအောင် ဦးနုက မေတ္တာရပ်ခံပေးပါရန် စာရေးသား အကူအညီတောင်းခံရုံမက ဝန်ကြီးချုပ် ဘူလ်ဂယ်နင်ထံ လိပ်မူတပ် ရေးသားထားသည့်စာကိုပင် လူကြုံပါးအကူအညီတောင်းခံခဲ့လေသည်။

အပြန်အလှန်အားဖြင့် ဆိုဗီယက်ပြည်ထောင်စုမှ ပါတီအတွင်း ရေးမှူးခေါင်းဆောင်ကြီး နီကီတာခရူးရှက်နှင့် ဝန်ကြီးချုပ် ဘူလ်ဂယ်နင် တို့သည် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည် အပတ်လာရောက်ခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်တွင် နီကီတာခရူးရှက် သည် အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထပ်မံလာရောက်ခဲ့ပြန်သည်။

ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင်ကြီး နီကီတာခရူးရှက်၏ မြန်မာနိုင်ငံခရီးစဉ်သည် ထိုစဉ်က မြန်မာနိုင်ငံအတွက် လိုအပ်နေသည့် အခြေခံအဆောက်အအုံအချို့ကို အကျိုးရလဒ်အဖြစ် ဖြစ်ထွန်း ပေါ်ပေါက်စေခဲ့သည်။ ယခင်က ရန်ကုန်စက်မှုတက္ကသိုလ်(RIT)ဟု ခေါ်တွင်ခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်းယားလိတ်ဟိုတယ်၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီးနှင့် ကျောက်ပန်းတောင်းမြို့အနီးရှိ ကြက်မောက်တောင်ဆည်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေး၏ စိန်ရတု ပြယုဂ်များအဖြစ် ယနေ့တိုင်တည်ရှိနေခဲ့သည်။

မြန်မာနိုင်ငံက ဆိုဗီယက်(ရုရှား)ကို ဆန်တင်ပို့ရောင်းချပေးခဲ့၍ ဆိုဗီယက်(ရုရှား)ဘက်ကလည်း မြန်မာနိုင်ငံအတွက် လိုအပ်သည့် အဆိုပါ အခြေခံအဆောက်အအုံအချို့ကို အကူအညီပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မြဲရေးအတွက် ယဉ်ကျေးမှု၊ အားကစားကဏ္ဍပူးပေါင်း ဆောင်ရွက်မှုများကိုလည်း တိုးမြှင့်နိုင်ခဲ့ပေသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ဆိုဗီယက်ခေါင်းဆောင်ကြီး ခရူးရှက်နှင့် ဝန်ကြီးချုပ်ဘူလ်ဂယ်နင် တို့၏ မြန်မာပြည် ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ ထိုစဉ်က ဝန်ကြီးချုပ် ဦးနုက "မြန်မာပြည်လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ခုနှစ် နှစ်လုံးလုံး မြန်မာကွန်မြူနစ်တွေနဲ့ ကွန်မြူနစ်တွေရဲ့တပည့်တွေက မြန်မာပြည်ရဲ့လွတ်လပ်ရေးဟာ အစစ်မဟုတ်ဘူး။ ဗြိတိသျှအစိုးရက မြန်မာပြည်ကို တစ်ပတ်ရိုက်ပြီးပေးထားတဲ့ လွတ်လပ်ရေးအတုကြီးလို့ မျက်စိမှိတ်ပြီး တအော်တည်းအော်နေကြတာပဲ။ ဖဆပလအစိုးရက အတုမဟုတ်ပါဘူး။ အစစ်ဖြစ်တယ်ဆိုတာ ဘယ်လိုမှရှင်းပြလို့မရ ဘူး။ ခရူးရှက်နဲ့ ဘူလ်ဂယ်နင်တို့ မြန်မာပြည်ကိုအလည်လာတော့မှပဲ မျက်စိမှိတ်ပြီးအော်နေကြတဲ့ ကွန်မြူနစ်တွေနဲ့ သူတို့ရဲ့တပည့်တွေဟာ အအော်ရပ်သွားကြတယ်။ အဲဒါဟာ မြန်မာပြည်ကို ဘူလ်ဂယ်နင်နဲ့ ခရူးရှက်တို့လာလိုက်တာကြောင့် မြန်မာပြည်အတွက် ပေါ်ပေါက်လာ တဲ့ အကောင်းတစ်ခုဖြစ်တယ်"ဟု ဆိုသည်။

ထိုသို့အတိတ်ကာလက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး သံခင်း တမန်ခင်းကဏ္ဍသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် တစ်ကျော့ပြန် ပြန်လည်ပီပြင်သက်ဝင်လာခဲ့ပြန်သည်။ နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပြန်လည်အားသစ်လောင်းခဲ့ကြသည်။ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် စက်တင်ဘာလ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus အတွင်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က "လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန် ဆက်ဆံရေး (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်း အနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု များသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေး နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်း များစွာကို တွေ့မြင်နေရကြောင်း"ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကလည်း "အဆွေတော်သမ္မတကြီး ပြောကြားသကဲ့သို့ပင် မိမိတို့ နှစ်နိုင်ငံ၏ဆက်ဆံရေးသည် (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့်သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုမှ စတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း"စသဖြင့် ပြောကြားခဲ့သည်။

**ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားအကျိုးစီးပွားအတွက် ခရီးစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့် နည်းပညာ ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီး မြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက် မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ခင်မင် ရင်းနှီးစွာ အသေးစိတ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆိုရလျှင် ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရက်သတ္တပတ် ကြာ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်သည် မြန်မာနိုင်ငံအတွက် အတိတ်ကာလထက် ပို၍ကြီးမားသော တိုးတက်ပြောင်းလဲမှုများကို ဖြစ်ထွန်းစေခဲ့သည်ဟု ဆိုရပါမည်။

စာမျက်နှာ ၇ သို့ ■

> **"နိုင်ငံတစ်နိုင်ငံ၏ ၇၅ နှစ်ဟူသောသက်တမ်းသည် လူ့သက်တမ်းတစ်ခုသို့နှယ် အတွေ့အကြုံပေါင်း များစွာကို ဖြတ်သန်းခဲ့ပြီးလေပြီ။ အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ကွဲကွဲပြားပြားရှုမြင်သုံးသပ် နိုင်ခဲ့ပေပြီ။ လူမှုဆက်ဆံရေးနယ်ပယ်ကဲ့သို့ပင် မြန်မာနိုင်ငံ၏ သံခင်း၊ တမန်ခင်း သံတမန်ဆက်ဆံရေး နယ်ပယ်တွင်လည်း မည်သူက မြန်မာ့အကျိုးလိုလားသူ၊ မည်သူကအကျိုးမဲ့စေလိုသူ၊ မည်သူက မိတ်စစ် ဆွေစစ်၊ မည်သူက မိတ်တုဆွေတုဟူ၍လည်း ကွဲကွဲပြားပြား ရှုမြင်သုံးသပ်နိုင်ခဲ့လေပြီ"**



# (၁၈၈)ကြိမ်မြောက် မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၂**

မော်လမြိုင်မြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈၈)ကြိမ်မြောက် မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် မော်လမြိုင်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၄၁၀ တို့ရှိ ရဟန်း ၃၈၆၃ ပါး၊ သာမဏေ ၃၅၇၇ ပါး စုစုပေါင်း အပါး ၇၄၄၀၊ သီလရှင်ကျောင်း ၆၂ ကျောင်းရှိသီလရှင် ၁၄၈၇ ပါးတို့အား မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့အား လောင်းလှူပူဇော်ခြင်းများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပညာရေးဆိုင်ရာ အသိပညာများဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒဂုံတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့ပူးပေါင်း၍ ပညာရေးဆိုင်ရာ အသိပညာများဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Srinakharinwirot University ၊ Chiang Rai Rajabhat University နှင့် Chaulalongkorn University တို့မှ ပါမောက္ခများ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများနှင့် သင်တန်းသား သင်တန်းသူများ၊ ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်နှင့် ထိုင်းနိုင်ငံ တက္ကသိုလ်များမှ ပါမောက္ခများက အမှာစကား ပြောကြားကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် Learner Analysis၊ Lesson Planning၊ Time and Material Management၊ Active Learning Activities၊ Assessment and Evaluation of Student Learning ခေါင်းစဉ်များဖြင့် စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**ပံ့ပိုးပေးရန်**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို အဆင့်မြင့်ပညာကဏ္ဍဘာသာရပ်နယ်ပယ်အလိုက် သင်ကြား၊ သင်ယူမှုနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲရေးနည်းလမ်းများကို ပံ့ပိုးပေးရန်နှင့် ပြည့်စုံသော အရည်အသွေးရှိ ဆရာ ဆရာမများ ပေါ်များလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားကြစေလို

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲများကို ကျင်းပရခြင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် ကျင်းပရခြင်းဖြစ်ပြီး မကြာခင်ကျင်းပမည့် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြုအသင်းအနေဖြင့် အရည်အသွေးရှိရှိ၊ အဆင့်အတန်းမီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားသမားများ ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်း၌ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဖူဆယ်အားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဂုဏ်ဆောင်နိုင်ရေး အလေးအနက်ထားပြီး ကြိုးပမ်းကြစေလိုကြောင်း၊ ဌာနအသီးသီးက ပြိုင်ပွဲဝင်အားကစားသမားများသည် မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့်အသင်း အောင်နိုင်ရေးအတွက် မိမိတို့၏အစွမ်းအစအရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသသည်ကို တွေ့ရှိရကြောင်း၊ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ယခုပြိုင်ပွဲမှ တစ်ဆင့် ဝန်ကြီးဌာနလက်ရွေးစင်အသင်း ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင်လည်း ကြိုးစားသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၆ မှ

လာမည့် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံ၏ စိန်ရတုလွတ်လပ်ရေး အခါသမယဖြစ်သည်။ နိုင်ငံအချို့နှင့် သံခင်းတမန်ခင်း သံတမန်ဆက်ဆံရေးကဏ္ဍသည်လည်း မကြာမီ စိန်ရတုအခါသမယသို့ ရောက်တော့ပေမည်။ မြန်မာနိုင်ငံအနေဖြင့်မူ လွတ်လပ်ရေးရပြီးသည်မှစ၍ ယနေ့တိုင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး နိုင်ငံရေးပဉ္စသီလ မူကြီးငါးရပ်နှင့်အညီ နိုင်ငံတိုင်းအပေါ် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိပါသည်။

မြန်မာတို့သည်ပင်ကိုဗီဇအရ မိတ်ကောင်းဆွေကောင်းများအပေါ် တန်ဖိုးထားလေးစားတတ်ကြသည်။ မိတ်ဆွေကောင်းများအပေါ် အလွန်ဆည့်ဝတ်ကျေပွန်ကြသည်။ မြန်မာမှုနယ်ပယ်တွင် ရှေးယခင်ကတည်းက တည်ရှိခဲ့သော မိတ်ဆွေဝတ္တရားဖြစ်သည့် ထောက်ပံ့ပေးကမ်းခြင်း၊ ချိုချိုသာသာပြောဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ မိမိနှင့်တန်းတူထားခြင်း၊ စကားသစ္စာတည်ကြည်ခြင်းဟူသည့် တာဝန်ငါးရပ်ကို အလေးထားစောင့်ထိန်းတတ်ကြသည်။

**မေတ္တာတုံ့ပြန်မှု အကျိုးကျေးဇူးများရရှိနိုင်**

မိတ်ဆွေစစ်များအပေါ် ထိုသို့တာဝန်ငါးရပ်ဖြင့် အပြည့်အဝ ဆက်ဆံသည့်အတွက် မိတ်ဆွေအချင်းချင်းကြားတွင် “မိမိ မေ့လျော့ခိုက် အသက်အန္တရာယ်ကာကွယ်ပေးခြင်း၊ မိမိ မေ့လျော့ခိုက် ပစ္စည်းဥစ္စာစောင့်ရှောက်ပေးခြင်း၊ ကြောက်လန့်နေခိုက် အားပေးနှစ်သိမ့်ခြင်း၊ အန္တရာယ်ကြုံသော် စွန့်ပစ်မသွားခြင်း၊ သားစဉ်မြေးဆက် မေတ္တာသက်ဝင်ကြခြင်း”ဟူသည့် ငါးမျိုးသော အပြန်အလှန်မေတ္တာတုံ့ပြန်မှု အကျိုးကျေးဇူးများရရှိနိုင်ကြောင်းကိုလည်းသိရှိနားလည်ကြသည်။

ထို့အတူ မိတ်ဆွေစစ်ဟူသည်မှာ ---

အကျိုးကျေးဇူး ပြုတတ်သူ၊
အေးအတူ ပူအမျှ သဘောထားသူ၊
အကျိုးရှိရာကိုသာ ညွှန်ကြားသူ၊
သနားကြင်နာတတ်သောသူ ဟူ၍လည်းကောင်း၊

မိတ်ဆွေတုဟူသည်ကား ---

ယူရုံယူ၍ မပေးလိုသောသူ၊
နှုတ်ဖြင့်သာမြှောက်၍ စားတတ်သူ၊
အလိုက်အထိုက်သာ ပြောတတ်သူ၊

မကောင်းမှုများသို့ သွေးဆောင်သူဟူ၍လည်းကောင်း ကွဲကွဲပြားပြား ခွဲခြားသိမြင်ခဲ့ကြပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ၇၅ နှစ်ဟူသောသက်တမ်းသည် လူ့သက်တမ်းတစ်ခုသို့နှယ် အတွေ့အကြုံပေါင်းများစွာကို ဖြတ်သန်းခဲ့ပြီးလေပြီ။ အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ကွဲကွဲပြားပြားရှုမြင်သုံးသပ်နိုင်ခဲ့ပေပြီ။ လူမှုဆက်ဆံရေးနယ်ပယ်ကဲ့သို့ပင် မြန်မာနိုင်ငံ၏ သံခင်း၊ တမန်ခင်း သံတမန်ဆက်ဆံရေးနယ်ပယ်တွင်လည်း မည်သူက မြန်မာ့အကျိုးလိုလားသူ၊ မည်သူက အကျိုးမဲ့စေလိုသူ၊ မည်သူက မိတ်စစ်ဆွေစစ်၊ မည်သူက မိတ်တုဆွေတုဟူ၍လည်း ကွဲကွဲပြားပြား ရှုမြင်သုံးသပ်နိုင်ခဲ့လေပြီ။

သို့ဖြစ်၍ မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ ကမ္ဘာတည်သရွေ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မြန်မာ-ရုရှားဖက်ဒရေးရှင်း နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအခါသမယကို ဂုဏ်ပြုကြိုဆိုလိုက်ရပါ၏။ ။

# ကျွန်တော်တို့က ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံစွာနဲ့ လိုရာခရီးကို သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရေးနဲ့ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် စိတ်နှလုံးကောင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်

ဦးအောင်နိုင်ထူး

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်နှင့် ခရီးသွား ပြည်သူများ၏ လုံခြုံရေးနှင့် စရိတ်ကုန်ကျမှုသက်သာစေရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား တိုင်း(၉)မှ ပုသိမ်-ဟသ်ာတ-ကြံခင်း ၁၈၁ အဆန်နှင့် ၁၈၂ အစုန်အမြန် ရထားပြေးဆွဲရာတွင် ကြားဘူတာများမှ မီးရထားဖြင့် ခရီးသွားပြည်သူများ၏ ရင်တွင်းစကားသံများကို တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်။

**တွေ့ဆုံမေးမြန်း-ခင်စန္ဒာဆွေ(လ/ထ ညွှန်ကြားရေးမှူး)**
**ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)**


ဦးအောင်နိုင်ထူး


ကိုသူရိန်ဝင်း


ဒေါ်လှလှပြုံး

**ဦးအောင်နိုင်ထူး**
**(ဟသ်ာတမီးရထားရုံပိုင်-ရထားသွားလာရေး)**

ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ရထားစီးလုပ်သားပြည်သူတွေ စိတ်ချမ်းမြေ့စွာနှင့် သက်သောင့်သက်သာ စီးနင်းနိုင်ရေး၊ ကုန်စည်ပို့ဆောင်နေသူများ စိတ်ချမ်းမြေ့ လုံခြုံစွာဖြင့် ပို့ဆောင်လိုသည့်နေရာများကို အချိန်မီရောက်ရှိစေရေးနှင့် မီးရထားလုပ်ငန်းပြန်လည်ဖွံ့ဖြိုးနိုင်ရေးအတွက် အခြေခံအဆောက်အအုံများကို ဦးစားပေးဆောင်ရွက်ရေး၊ စိတ်ကောင်းနှလုံးကောင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရေး စတဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။

အမြန်ရထား စတင်ပြေးဆွဲတာကတော့ စက်တင်ဘာလ ၁၁ ရက်က စပြီး ပြေးဆွဲတာပေါ့၊ တွဲဆိုင်းအနေနဲ့ အထက်တန်းတွဲ ၂ တွဲ၊ ရိုးရိုးတန်းတွဲ ၆ တွဲ၊ ကုန်တင်တွဲနဲ့ နောက်ဆုံးတွဲကတော့ ဘရိတ်တွဲပါမယ်၊ အားလုံးပေါင်း ၁၀ တွဲ ပါပါတယ်။ ရထားစီးတဲ့ ပြည်သူအများစုက အခြေခံလူတန်းစားတွေဖြစ်ပါတယ်။ ပုသိမ်ကနေ ဟသ်ာတအထိ ကြားဘူတာ ၁၁ ခု ၊ ဟသ်ာတနဲ့ ကြံခင်းကြားမှာလည်း ကြားဘူတာ ၁၁ ခု ရပ်တန့်ပါတယ်။ ခရီးသည်တွေအနေနဲ့ ကြားဘူတာတွေမှာ ရပ်တန့်ပေးတဲ့အတွက် ဒေသထွက်ကုန် ပို့ဆောင်မှုအနေနဲ့ အဆင်ပြေတာကို တွေ့ရပါတယ်။ ရထားလက်မှတ် သတ်မှတ်နှုန်းကတော့ ဟသ်ာတကနေ ပုသိမ်ကို ရိုးရိုးတန်း ၃၈၀၀၊ အထက်တန်း ၇၅၀၀၊ ဟသ်ာတကနေ ကြံခင်းအထိ ရိုးရိုးတန်းက ၃၀၀၀၊ အထက်တန်း ၅၉၀၀ ကျပါတယ်။ ပုသိမ်ကနေ ကြံခင်းအထိ စီးမယ်ဆိုရင် ရိုးရိုးတန်းက ၆၇၀၀၊ အထက်တန်း တွဲက ၁၃၃၀၀ ကျပါမယ်။

ပြည်သူတွေအနေနဲ့ ခရီးသွားမယ်ဆို ရထားလက်မှတ်ဝယ်ယူတဲ့အခါ မှတ်ပုံတင်ယူဆောင်လာရပါမယ်၊ အကယ်၍ မှတ်ပုံတင်မရှိသေးဘူးလျှောက်ထားဆဲဆိုရင် သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံစာ ယူဆောင်လာရပါမယ်။ ကျွန်တော်တို့က ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံစွာနဲ့ လိုရာခရီးကို သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရေးနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် စိတ်နှလုံးကောင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။



**ကိုသူရိန်ဝင်း**
**(အခြေခံစားသောက်ကုန် သယ်ယူပို့ဆောင်သူ)**

လောလောဆယ် သံပရာသီးတွေကို မြန်အောင်ကနေ ပုသိမ်ကို တင်ပို့ပေးပါတယ်။ အများအားဖြင့် ရထားနဲ့တင်တာများပါတယ်။ ရာသီအလိုက် ထွက်တဲ့ သီးနှံတွေ ဒေသထုတ်ကုန်တွေကို အများအားဖြင့် တင်ပါတယ်။ ရထားနဲ့တင်တာက စရိတ်သက်သာတယ်။ များများတင်နိုင်တယ်၊ ကုန်မနာဘူးပေါ့။ ကားနဲ့ စာရင်တော့ အချိန်နည်းနည်း ပိုကြာပေမယ့် ကုန်ကျစရိတ်နဲ့ တွက်ရင်တော့ ရထားက ပိုသက်သာတယ်၊ ပစ္စည်းအနာအဆာ သက်သာတယ်၊ များများတင်ပို့နိုင်တဲ့အတွက်လည်း အဆင်ပြေပါတယ်။

**ဒေါ်လှလှပြုံး(ကုန်သည်) ကြံခင်း**

ကြံခင်းကနေ ဟသ်ာတကို ဒေသထွက်ကုန်ဆီ တင်ပေးတာပါ။ အမြန်ရထားပြေးဆွဲပေးတော့ ကျွန်မတို့အနေနဲ့ သယ်ယူပို့ဆောင်စရိတ်သက်သာတယ်၊ ကုန်များများ ဈေးကွက်ကိုတင်ပို့နိုင်တယ်၊ လေလွင့်ထိခိုက်မှု နည်းပါးတော့ အဆင်ပြေပါတယ်။

**ဒေါ်မြင့်မြင့်(ဈေးရောင်း)**

ဘူတာမှာ ထမင်းရောင်းတာ ၄၅ နှစ်ကျော်ပါပြီ။ ဒီအလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းလာတာ သားသမီး ၆ ယောက်ကို ကျောင်းထားပေးနိုင်ခဲ့တယ်။ သူတို့တွေလည်း ခုချိန်မှာ အလုပ်ကိုယ်စီ ရှိနေကြပါပြီ။ ဟိုးတုန်းက မီးရထားတွေ ပုံမှန်ပြေးဆွဲကြတော့ ထမင်းရောင်းရတာ ပျော်စရာကောင်းတယ်၊ ပုသိမ်ဘက်က လာတဲ့ရထားက ဟသ်ာတကို ရောက်ရင် ကုန်တင်၊ ကုန်ချတာတွေ လူတွေတင်တာတွေနဲ့ ရထားရပ်ချိန် နာရီဝက်လောက်ရတယ်၊ အဲဒီအချိန်မှာဆို ပုသိမ်ကလာတဲ့သူ တွေကလည်း ဟသ်ာတမြို့ထဲ ခဏဝင်၊ ကြံခင်းဘက်က လာတဲ့ရထားဆိုလည်း ဟသ်ာတမှာရပ်ဖို့ အချိန်ပိုရတဲ့အတွက် ထမင်းထုပ်အပြင် ခုံလေးတွေချပြီး ထိုင်စားလို့ရအောင် ပြင်ဆင်ရောင်းချလို့ ရခဲ့တယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်လာတော့ ရထားက စာပို့တွဲပဲရှိတော့ အချိန်ကြာကြာလည်းမရပ်ဘူး၊ ခရီးသည်တွေဆိုတာကလည်း အခြေခံလူတန်းစားတွေဖြစ်တဲ့အတွက် မဖြစ်မနေလိုက်ပါကြတဲ့ သူတွေများတယ်။ ခရီးဆုံးထိ လိုက်တဲ့သူနည်းတယ်၊ကြားဘူတာတွေလောက်မှာပဲ ဆင်းကြတော့ အရင်တုန်းကလို ထမင်းမရောင်းရဘူး၊ ဟိုတုန်းက တစ်ရက်ကို ဆန် ၁၀ ပြည်ချက်ရတာ။ ခုဆိုရင် ဆန် ၄ ပြည် မနည်းကုန်အောင် ရောင်းရတာ။

အခုအမြန်ရထား ရထားက တစ်ရက်ကို အစုန်အဆန် နှစ်စင်းပဲထွက်တာဆိုတော့လေ ရပ်ချိန်နည်းတာရယ် ခရီးသွား တွေလည်း ဟိုတုန်းကလောက်မများတာမို့ ဈေးသိပ်မရောင်းရပေမယ့် လည်း ပျော်ပါတယ်။ စီးပွားရေးအဆင်မပြေတာတွေ ကျပ်တည်းတာတွေက ကိုယ်တစ်ယောက်တည်းမဟုတ်ဘဲ အများနဲ့ တွေ့ကြုံရင်ဆိုင်နေရတာဆိုတော့ တိုင်းပြည်ကြီးလည်း မြန်မြန်တည်ငြိမ်အေးချမ်းစေချင်ပါတယ်၊ ကုန်ဈေးနှုန်းတွေလ ည်း ကျချင်ပါတယ်၊ အမြန်ရထားကြီး ပြန်လည်ပြေးဆွဲတဲ့အတွက်လည်း ခရီးသွားတွေ ဟိုတုန်းကလို ပျော်ပျော်ပါးပါး အလည်အပတ်ခရီးတွေ ထွက်တာမြင်ချင်ပါတယ်။



လယ်ဝေးမြို့ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်သူနှင့် လယ်ဝေးမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးဇော်ထွန်းဦး ဦးစီးသော အရာရှိ၊ အရာခံ၊ အခြားအဆင့် ရဲဝန်ထမ်းများက စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဖော်တော်ချက်မဘုရားဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ဖြတ်ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်သရိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြစဉ်။ ကိုမိုး

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ဝန်ထမ်းများအတွက် အရည်အသွေးမီ ဆန်များ ဈေးနှုန်းမှန်ကန်ချိုသာစွာ ရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူများ အရည်အသွေးမီ ဆန်များ ဈေးနှုန်းမှန်ကန်ချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်- တပ်ကုန်း ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ ဆန်များကို ဈေးနှုန်းမှန်ကန် ချိုသာစွာဖြင့် လာရောက် ရောင်းချ ပေးခဲ့သည်။

ထို့အတူ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) ရှိ ဝန်ထမ်းများအတွက်လည်း အရည်အသွေးမီ ဆန်များကို ဈေးနှုန်းမှန်ကန် ချိုသာစွာဖြင့် လာရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ရောင်းချပေးရာတွင် ရောပေါ်ဆန်း 10 kg တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်း၊ ညို့မထ 10kg တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ နှုန်း၊ ရွှေမနော 10kg တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀နှုန်း၊ ရောမင်း 10kg တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀ နှုန်း၊ ဆင်းသုခ 10kg တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀နှုန်းတို့ဖြင့် စုစုပေါင်း ဆန်အိတ် ၅၀၀ ကျော် ရောင်းချပေးခဲ့ပြီး အခြား ဝန်ကြီးဌာနများရှိ ဝန်ထမ်းများအတွက်လည်း ဆက်လက်ရောင်းချပေးမည့်အပြင် အများပြည်သူ ဈေးနှုန်းမှန်ကန်ချိုသာစွာ ဝယ်ယူနိုင်ရန် နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရသုခဈေးနှင့် ပုဗ္ဗသီရိဈေးတို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှု စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများတိုးတက်လာသည်နှင့် အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင်မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှု အချို့အားအသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e–ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e–KYC))လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ် ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2)သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေး စာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# SIM Card များ စနစ်တကျ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့် အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e–ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင် **(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိ အသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များမှန်ကန်စွာ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ရာတွင် လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေး အော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍၊ မမှန်ကန်ပါက မိမိတို့ အမှန်တကယ် သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်–

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

( ခ ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

( ဂ ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

( င ) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁–၁၁–၂၀၂၂ )ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင် ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( စ ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

( ခ ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေ ဖြည့်သွင်းရမည်။

( ဂ ) ပုံစံ ၆၆/၆(အထစ)အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ– နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ– ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁–၁၁–၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( င ) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ(ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

( စ ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e–ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# အချက်အလက်အပေါ်အခြေခံပြီး စေတနာကိုမြင်အောင်ကြည့်ပါ တိုးတက်မှုကိုတွေ့ရမှာ

ထက်မြတ်

မိသားစုတစ်ခုရယ်လို့ ဖြစ်လာပြီဆိုရင် လူတန်းစေ့ ရှင်သန်၊ ရပ်တည်၊ နေထိုင်နိုင်ရေးအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ လိုအပ်ချက်တွေထဲကမှ အရေးအကြီးဆုံးအရာကတော့ စီးပွားရေးလို့ ဆိုကြပါတယ်။

မိသားစုတစ်ခုက စီးပွားရေးကောင်းရင်ကောင်းသလို စားဝတ်နေရေးချောင်လည်ပြီး လူတန်းစေ့နေထိုင်နိုင်ပါလိမ့်မယ်။ စီးပွားရေးမကောင်းရင်ရော။ စီးပွားရေးကောင်းအောင် မိသားစုတွေ တက်ညီလက်ညီ ကြိုးစားရမှာပေါ့။

မိသားစုတစ်ခုအတွက်တောင်မှ စီးပွားရေးကအရေးကြီးတယ်ဆိုရင် နိုင်ငံတစ်နိုင်ငံလုံးအတွက်ဆိုစီးပွားရေးက ဘယ်လောက်တောင်မှ အရေးကြီးလိမ့်မလဲနော်။



(အရင်းအမြစ်။ Myanmar National Trade Portal ဝက်ဆိုက်)

### တာဝန်ယူထားရ

မိသားစုတစ်ခုမှာ ကလေးငယ်တွေအတွက် ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ကိစ္စအဝဝကို မိဘ၊ အုပ်ထိန်းသူက တာဝန်ယူထားရပါတယ်။

နိုင်ငံတစ်ခုမှာလည်း မိဘသဖွယ်၊ အုပ်ထိန်းသူသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အကြီးအကဲက နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးအတွက် ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ လူမှုစီးပွားကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးနေရတာပါ။

မိသားစုမှာလည်းမိသားစုအလျောက် ဒီလိုကိစ္စအဝဝကို ဖြေရှင်းဖို့အတွက် စီးပွားရေးကောင်းဖို့လိုသလို နိုင်ငံတော်ကလည်း ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် စီးပွားရေးကောင်းအောင်ကြိုးစားနေတာကိုတွေ့ရပါတယ်။

> **ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုတွေအနည်းငယ်တန့်သွားချိန်မှာတော့ မြန်မာနိုင်ငံအစိုးရဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း တခြားနိုင်ငံများထက်ပိုတဲ့ လုံ့လ၊ ဝီရိယ၊ ဝါယမနဲ့ ကြိုးစားပြီး စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်လာအောင် လုပ်ဆောင်ခဲ့ပါတယ်။**
>
> **ဒီလိုလုပ်ဆောင်တဲ့နေရာမှာ သွင်းကုန်ပမာဏကို လျှော့ချနိုင်သမျှ လျှော့ချခြင်း၊ ပို့ကုန်ပမာဏကို တိုးမြှင့်နိုင်သမျှ တိုးမြှင့်ခြင်း၊ အလုပ်လက်မဲ့နှုန်း ကျဆင်းအောင်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာအောင် အခြေအနေ အခွင့်အလမ်းများဖန်တီးပေးခြင်း အစရှိတဲ့ စီးပွားရေးတိုးတက်မှုအတွက် အရေးပါတဲ့ကဏ္ဍများကို ဦးစားပေးပြီး မြှင့်တင်လာတာတွေ့ရပါတယ်။**

မိသားစုတစ်ခုရဲ့စီးပွားရေးကိုတိုင်းတာရာမှာ ပျမ်းမျှအားဖြင့် မိသားစုအရွယ်အစား၊ မိသားစုအတွင်းရှိ အလုပ်လုပ်နိုင်သူအရေအတွက်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ၊ ရရှိတဲ့ဝင်ငွေနဲ့ သုံးစွဲလိုက်ရတဲ့ထွက်ငွေအချိုးအစား အစရှိတဲ့ အညွှန်းကိန်းတွေနဲ့တိုင်းတာနိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို တိုင်းတာရာမှာတော့ မိသားစုတစ်ခုရဲ့ စီးပွားရေးအခြေအနေကိုတိုင်းတာမှုအချက်အလက်များထက် များစွာပိုပါတယ်။ အခြေခံအချက်တွေကတော့ အတူတူပါပဲ။ အရွယ်အစားသာ ကွာသွားတာပါ။

### ကိုက်ညီမှုမရှိ

ဒီနေရာမှာ နိုင်ငံအတွင်း ကုန်ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အဲဒီနိုင်ငံရဲ့စီးပွားရေး ကျဆင်းသွားတယ်လို့ တပ်အပ်မပြောနိုင်ပါဘူး။ ပြောလို့လည်း မရပါဘူး။ ဘာကြောင့်လဲဆိုရင် အကြောင်းအရာက ကိုက်ညီမှုမရှိလို့ပါ။

ဒီတော့ ဘယ်လိုအရာတွေက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုကို သတ်မှတ်တာလဲဆိုတာနဲ့ ပတ်သက်ပြီး အနည်းအကျဉ်း ပြောလိုပါတယ်။

ကမ္ဘာ့စီးပွားရေးပညာရှင်များ၊ စီးပွားရေးသုတေသနဌာနများ၊ စီးပွားရေးသုတေသီများ သတ်မှတ်ထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုဆိုတာက ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းတွေအနေနဲ့ ကုန်ထုတ်လုပ်မှုကျဆင်းပြီး အချိန်အတိုင်းအတာတစ်ခုအထိ အတိအကျပြောရရင် ခြောက်လဆက်တိုက်ကာလမှာ နိုင်ငံရဲ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး ကျဆင်းခြင်းအခြေအနေကို ခေါ်တယ်လို့ ဆိုပါတယ်။ ဒါဆိုရင် ကုန်ဈေးနှုန်းတက်တာတစ်ခုတည်းနဲ့တော့ နိုင်ငံရဲ့စီးပွားရေးကျဆင်းနေတယ်လို့ မပြောနိုင်ဘူးဆိုတာ သိလောက်မှာပါ။

ကုန်ဈေးနှုန်းတက်ရခြင်းရဲ့ အကြောင်းရင်းများစွာရှိပါတယ်။ အခြေခံကျတဲ့ အချက်တွေကတော့ ကမ္ဘာ့ဈေးကွက်အခြေအနေ၊ ဝယ်လိုအားထက်ရောင်းလိုအား အခြေအနေတို့အပေါ် မူတည်ပါတယ်။

လက်ရှိကမ္ဘာ့ကုန်စည်နဲ့ ဝန်ဆောင်မှုဈေးကွက်အခြေအနေကိုကြည့်ရင် ဗိုလ်ကျစိုးမိုးတဲ့နည်းလမ်းနဲ့ တစ်ကမ္ဘာလုံးကို ထိန်းချုပ်လိုနေတဲ့ အမေရိကန်ဦးဆောင် အနောက်အုပ်စုရဲ့ အမျိုးမျိုးသောလုပ်ဆောင်ချက်တွေကြောင့် ကမောက်ကမဖြစ်နေပါတယ်။

စီးပွားရေးနဲ့စွမ်းအင်မှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားအပေါ်ကို အနောက်အုပ်စုကအရေးယူပိတ်ဆို့မှုတွေ ချမှတ်ခြင်းကလည်း ကမ္ဘာ့ဈေးကွက်မှာ ရောင်းလိုအားကို ကျဆင်းစေပါတယ်။ ဥပမာအားဖြင့် ရေနံကိုကြည့်ပါ။

စီးပွားရေးပညာရပ် သဘောတရားအရ ရောင်းလိုအားထက် ဝယ်လိုအားများရင် ကုန်ဈေးနှုန်းတက်လေ့ရှိတဲ့အတိုင်း ကုန်ဈေးနှုန်းတက်ရခြင်းအကြောင်းရင်းက ဘာကြောင့်ဆိုတာကိုလည်း အနည်းငယ် တီးခေါက်မိပြီ ထင်ပါတယ်။

အခုဆက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်လား/ကျဆင်းလားဆိုတာကို တိတိကျကျသိရှိလိုရင်တော့ ကိန်းဂဏန်း အချက်အလက်တွေနဲ့ တိုက်ဆိုင်စစ်ဆေးဖို့ လိုအပ်တဲ့အကြောင်း ပြောချင်ပါသေးတယ်။

အထူးသဖြင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်နေလား၊ ကျဆင်းနေလားဆိုတာနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေက ထုတ်ပြန်တဲ့ ကိန်းဂဏန်းအချက်အလက်တွေနဲ့ တိုက်ဆိုင်စစ်ဆေးမှသာ အခြေအနေအမှန်ကို သိရှိနိုင်မှာပါ။

### စီးပွားရေးကျဆင်းတယ်ဆိုတာ

နောက်တစ်ချက်က စီးပွားရေးကျဆင်းတယ်ဆိုတာ ဘောဂဗေဒဘာသာရပ် အယူအဆတစ်ခုဖြစ်တဲ့ စီးပွားရေးအတက်အကျ သံသရာစက်ဝန်းအတွင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာသာဖြစ်ပြီး အကြောင်းခြင်းရာ ကြီးကြီးမားမားမရှိဘူးဆိုရင် အချိန်တိုအတွင်းမှာ စီးပွားရေး ပြန်လည်ဦးမော့နိုင်ပါတယ်။

တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလတစ်လျှောက် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်ထုတ်စွမ်းအားတွေ အကုန်ကျဆင်းကုန်ပါတယ်။ အဓိကကတော့ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် လော့ဒေါင်းတွေ ချမှတ်လိုက်လို့ပါ။

ဒီလိုလော့ဒေါင်းတွေ မဖြစ်မနေ ချမှတ်ရတဲ့အတွက် ရောဂါကူးစက်ပျံ့နှံ့မှုက အထိုက်အလျောက်လျော့နည်းသွားပေမယ့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်းကတော့ အလွန်လျင်မြန်တဲ့နှုန်းနဲ့ တစ်ကမ္ဘာလုံးကို ကူးစက်သွားပါတယ်။

အဲဒီအချိန်ကာလတွေတုန်းက မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုသည်လည်း အကျဘက်မှာသာ ရှိနေခဲ့တာပါ။ ဒါဟာ ကိုယ့်တစ်နိုင်ငံတည်းဖြစ်နေတာမဟုတ်ဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဖြစ်တဲ့အနေအထားဖြစ်ပါတယ်။

ဒါပေမဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုတွေအနည်းငယ်တန့်သွားချိန်မှာတော့ မြန်မာနိုင်ငံအစိုးရဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း တခြားနိုင်ငံများထက်ပိုတဲ့ လုံ့လ၊ ဝီရိယ၊ ဝါယမနဲ့ကြိုးစားပြီး စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်လာအောင် လုပ်ဆောင်ခဲ့ပါတယ်။

### ဦးစားပေးပြီး မြှင့်တင်လာ

ဒီလိုလုပ်ဆောင်တဲ့နေရာမှာ သွင်းကုန်ပမာဏကို လျှော့ချနိုင်သမျှ လျှော့ချခြင်း၊ ပို့ကုန်ပမာဏကို တိုးမြှင့်နိုင်သမျှ တိုးမြှင့်ခြင်း၊ အလုပ်လက်မဲ့နှုန်း ကျဆင်းအောင်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာအောင် အခြေအနေ အခွင့်အလမ်းများ ဖန်တီးပေးခြင်း အစရှိတဲ့ စီးပွားရေးတိုးတက်မှုအတွက် အရေးပါတဲ့ကဏ္ဍတွေကို ဦးစားပေးပြီး မြှင့်တင်လာတာတွေ့ရပါတယ်။

အများမြင်သာအောင် ရှင်းလင်းပြနိုင်ဖို့အတွက် ဘဏ္ဍာရေးနှစ်လေးတွေခွဲပြီး ပြောပြသွားပါမယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ)၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆ လ) (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ)နဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ) ဆိုပြီး အချိန်အပိုင်းအခြားနဲ့ ခွဲပြောသွားပါမယ်။

အခုတင်ပြမယ့် အချက်အလက်တွေကိုတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဒီနှစ်ဩဂုတ်လထုတ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) မှာ ဖော်ပြထားတဲ့ အချက်အလက်တွေဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားတဲ့ကာလ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၂၀ ရာခိုင်နှုန်းရှိပါတယ်။ သုံးငွေပမာဏနဲ့ GDP အချိုးက ၂၈ ဒသမ ၅၆ ရာခိုင်နှုန်းအထိရှိပါတယ်။ ရငွေပမာဏနဲ့ GDP အချိုးကတော့ ၂၂ ဒသမ ၃၃ ရာခိုင်နှုန်းပါ။ လိုငွေပမာဏနဲ့ GDP အချိုးက ၆ ဒသမ ၂၃ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းမှာပါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအဆိုးဆုံးလို့ ပြောနိုင်တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုက စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

ထိတ်လန့်စရာအခြေအနေပါပဲ။ စီးပွားရေးတိုးတက်မှုနှုန်းက အနုတ် ၅ ဒသမ ၉၀ ရာခိုင်နှုန်းရှိပါတယ်။ သုံးငွေပမာဏနဲ့ GDP အချိုးက ၂၃ ဒသမ ၇၄ ရာခိုင်နှုန်း၊ ရငွေပမာဏနဲ့ GDP အချိုးက ၁၆ ဒသမ ၁၈ ရာခိုင်နှုန်းရှိပါတယ်။ လိုငွေပမာဏနဲ့ GDP အချိုးကတော့ ၇ ဒသမ ၅၆ အထိ မြင့်တက်လာပါတယ်။

**စီးပွားရေး သိသိသာသာတိုးတက်လာ**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆ လ) အတွင်းမှာ စီးပွားရေး သိသိသာသာ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒီကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်လာတာကို အားရဖွယ်တွေ့ရပါတယ်။

ဒီနေရာမှာ အားရဖွယ်လို့သုံးရတဲ့အကြောင်းရင်းက အနုတ် ၅ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားတဲ့စီးပွားရေးကို ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိ တိုးတက်အောင် လုပ်ဆောင်နိုင်တာဟာ တော်တော်မြင့်မားတဲ့ စီးပွားရေးတိုးတက်မှုပမာဏလို့ ဆိုနိုင်တဲ့အတွက် ဖြစ်ပါတယ်။

အခုလက်ရှိ ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာတော့ စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၇၀ ရာခိုင်နှုန်းရှိမယ်လို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။

အရပ်ထဲနဲ့ အင်တာနက်အသိုင်းအဝိုင်းမှာတော့ တချို့က ပြောကြတာရှိပါတယ်။ ကမ္ဘာ့ဘဏ်အဖွဲ့အစည်းကတော့ မြန်မာ့စီးပွားရေးနဲ့ပတ်သက်ပြီး ဘယ်လိုထုတ်ပြန်လိုက်ပြီ၊ မြန်မာ့စီးပွားရေးတိုးတက်မှု ကျဆင်းနေပြီ၊ မြန်မာနိုင်ငံရဲ့စီးပွားရေးက ဖောက်ထိုးပြုတ်ကျနေပြီဆိုပြီးတော့ ပြောနေကြတာပါ။

တကယ်တမ်း လက်တွေ့ကျကျ ဆန်းစစ်ကြည့်ရင် ကိုယ့်မိသားစုရဲ့ဝင်ငွေအမှန်၊ အသုံးစရိတ်အမှန်၊ ကုန်ထုတ်လုပ်မှုအမှန်ကို ကိုယ်ကိုယ်တိုင်ကသာ အသိဆုံးမဟုတ်ပါလား။ ဒါကြောင့် အစိုးရရဲ့တရားဝင်ထုတ်ပြန်ချက်ကလွဲလို့ အခြေအမြစ်မခိုင်မာတဲ့ ထုတ်ပြန်ချက်တွေကို ဂရုမပြုမိဖို့အရေးကြီးပါတယ်။

အခုလိုမျိုး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရဲ့ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ကိန်းဂဏန်းအချက်အလက်တချို့ကို တင်ပြချင်ပါသေးတယ်။ ဒီအချက်အလက်တွေကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ကုန်သွယ်ရေးဦးစီးဌာနရဲ့အချက်အလက်တွေကို ကိုးကားထားပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၁၇၆၈၁ ဒသမ ၀၈၉၊ သွင်းကုန်တန်ဖိုး စုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉၀၅၁ ဒသမ ၈၅၆ ရှိတာကြောင့် ကုန်သွယ်မှုလိုငွေစုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၆၉ ဒသမ ၇၆၇ ရှိပါတယ်။

တစ်နည်းပြောရရင် ကုန်သွယ်မှုလိုငွေပမာဏများပြားနေတာက နိုင်ငံရဲ့စီးပွားရေးမှာ ထွက်ငွေများနေတာကိုပြသနေတာဖြစ်တဲ့အတွက် စီးပွားရေးတိုးတက်မှုက တိုးမြင့်နေလား၊ ကျဆင်းနေလားဆိုတာကို အထင်းသား မြင်သာစေပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် နိုင်ငံ့စီးပွားရေးကို အပြည့်အဝအကောင်အထည်ဖော်လာနိုင်တဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆ လ) တာကာလအတွင်းမှာပင် ကုန်သွယ်မှုပိုငွေပမာဏက အမေရိကန်ဒေါ်လာသန်းပေါင်း ၃၄၃ ဒသမ ၄၂၇ အထိ ပြန်ဖြစ်လာပါတယ်။

အခု ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ရဲ့ ခြောက်လတာကာလဖြစ်တဲ့ ဧပြီလ ၁ ရက်ကနေ စက်တင်ဘာလ ၉ ရက်အထိ ပို့ကုန်တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၇၆၀၀ ဒသမ ၄၂၅ နဲ့ သွင်းကုန်တန်ဖိုး စုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၇၄၆၁ ဒသမ ၄၉၁ ဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေပမာဏက အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၈ ဒသမ ၈၈ ရှိတာကိုလည်း တွေ့ရပါတယ်။

အခုလိုမျိုး ကုန်သွယ်ရေးမှာ ကုန်သွယ်မှုပိုငွေပြတာဟာ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကိုပြသတဲ့ ကိန်းဂဏန်းတစ်ခုပဲ မဟုတ်ပါလား။

**ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာအောင်**

နောက်တစ်ခုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကိုယ့်နိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာအောင် အခြေအနေအခွင့်အလမ်းများ ဖန်တီးပေးနေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုအခွင့်အလမ်းများ ဖန်တီးပေးမှုနဲ့အတူ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာကိုလည်း မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ စာရင်းအချက်အလက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ဩဂုတ်လကုန်အထိကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၃၅ ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော် ဝင်ရောက်လာတယ်လို့ သိရပါတယ်။

ကိုယ့်နိုင်ငံအတွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာနဲ့အမျှ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပေါ်များလာတာအမှန်ပါပဲ။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ခဲ့ရတဲ့ စက်ရုံတွေကလည်း ယခုအခါမှာ ပြန်လည်ဖွင့်လှစ်လာတာကို တွေ့ရတဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။

နိုင်ငံအတွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးမြင့်လာစေဖို့အတွက် အစိုးရအနေနဲ့ ကြိုးပမ်းအားထုတ်ရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် မူဝါဒများချမှတ်ကာ ရှေ့ဆုံးကနေ ဦးဆောင်လမ်းပြအနေနဲ့ အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရပါတယ်။

မကြာသေးမီက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပပြီးစီးသွားတဲ့ အရှေ့ဖျား စီးပွားရေးဖိုရမ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက်ရောက်ဆွေးနွေးရာမှာလည်း ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာနိုင်ငံ၏ ရေပိုင်နက်အတွင်း သဘာဝဓာတ်ငွေ့ ကုဗပေ ၂ ထရီလီယံကျော်တွေ့ရှိပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မယ့်အခြေအနေ၊ အလားတူ အဲဒီသဘာဝဓာတ်ငွေ့သိုက်ထက် ပိုကြီးတဲ့ ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်တော့မယ့် အလားအလာတို့နဲ့အတူ နိုင်ငံအတွင်း သဘာဝဓာတ်ငွေ့အခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံလိုသူတွေကို ဖိတ်ခေါ်ကြောင်း ပြောခဲ့ပါသေးတယ်။

ဒီနေရာမှာ စီးပွားရေးတိုးတက်မှုကိုတိုင်းတာတဲ့အညွှန်းကိန်းတွေ တစ်ခုပြီးတစ်ခု တိုးတက်လာလေလေ၊ နိုင်ငံရဲ့စီးပွားရေးလည်း တိုးတက်လာလေလေ ဖြစ်လာမှာအမှန်ပါပဲ မဟုတ်ပါလား။

**တိုက်ရိုက်အချိုးကျနေခြင်းမရှိ**

ဒါကြောင့် ကျွန်တော့်ရဲ့ တင်ပြချက်ကို ပြန်လည်အနှစ်ချုပ်ရမယ်ဆိုရင် ကမ္ဘာ့ဈေးကွက်ကမောက်ကမဖြစ်အောင် လုပ်ဆောင်သူတွေ၊ ပြည်တွင်း၊ ပြည်ပက နိုင်ငံရေးရည်မှန်းချက်ကြောင့် မြန်မာ့စီးပွားရေးပျက်ယွင်းအောင် နည်းမျိုးစုံသုံးနှောင့်ယှက်၊ လှုံ့ဆော်နေသူတွေကြောင့်သာ ကုန်ဈေးနှုန်း ကြီးမြင့်နေရတာဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု/ကျဆင်းမှုအခြေအနေအပေါ် တိုက်ရိုက်အချိုးကျနေခြင်းမရှိပါဘူး။

အထက်မှာတင်ပြခဲ့တဲ့ စာရင်းအင်းအချက်အလက်တွေကိုပြန်ကြည့်ရင် တစ်ကမ္ဘာလုံး ရင်ဆိုင်ခံစားရတဲ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအချိန်ရဲ့ နောက်ပိုင်းကာလတွေမှာ စီးပွားရေးတိုးတက်မှုနှုန်းက မထင်ထားလောက်အောင် မြင့်တက်လာတာကို တွေ့ရမှာပါ။

ဆက်လက်ပြီးတော့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရဲ့စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်စေဖို့အတွက် လုပ်ဆောင်ရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ရှေ့ဆုံးကနေ တက်တက်ကြွကြွပါဝင်ပြီး ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံကနေ ကြိုးပမ်းအကောင်အထည်ဖော်နေတာကိုလည်း မြင်တွေ့ရမှာပါ။


ကျွန်တော်တို့မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးကို အခြေတည်ပြီး အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုရဲ့ ဘက်ပေါင်းစုံကနေ တိုက်ခိုက်မှုကြီးကို ခံစားနေရတာပါ။ ချမှတ်ခံထားရတဲ့ အရေးယူပိတ်ဆို့မှုတွေဆိုရင်လည်း ဒုနဲ့ဒေးပါပဲ။

ဒီလိုအခြေအနေမျိုးမှာတောင်မှ အရှုံးမပေးဘဲ နိုင်ငံတော်ကို အဘက်ဘက်ကနေ တည့်မတ်ရင်း နိုင်ငံရဲ့စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးလာအောင် အခက်အခဲတွေကြားက ကြိုးစားဖော်ဆောင်ပေးသူတွေရဲ့ စေတနာကိုအချက်အလက်အပေါ် အခြေခံပြီး ကြည့်လှည့်ပါမှ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကို မြင်တွေ့ရမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



(အရင်းအမြစ်။ အင်တာနက်)

**၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့် GDP အချိုးများနှင့် စီးပွားရေးတိုးတက်မှုနှုန်း**



(အရင်းအမြစ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထုတ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်)

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ စာရင်းအချက်အလက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ဩဂုတ်လကုန်အထိကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၃၅ ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော် ဝင်ရောက်လာတယ်လို့ သိရပါတယ်။**

**ကိုယ့်နိုင်ငံအတွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာနဲ့အမျှ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပေါ်များလာတာအမှန်ပါပဲ။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ခဲ့ရတဲ့ စက်ရုံတွေကလည်း ယခုအခါမှာ ပြန်လည်ဖွင့်လှစ်လာတာကို တွေ့ရတဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂,၂၃၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၂၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၇၂,၂၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၀,၄၄၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၆,၂၈၀) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၂) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၇၂၁၇၁၉ | ၉၄၂၄၃၈၆၇ | ၁၀၈၀၃၅၆ |
| ၂။ | အိန္ဒိယ | ၄၄၅၅၃၀၄၂ | ၄၃၉၇၈၂၇၁ | ၅၂၈၄၂၉ |
| ၃။ | ပြင်သစ် | ၃၅၀၁၁၆၆၉ | ၃၄၃၉၃၀၂၃ | ၁၅၄၈၂၄ |
| ၄။ | ဘရာဇီး | ၃၄၆၅၁၇၄၂ | ၃၃၇၅၀၄၅၉ | ၆၈၅၆၅၆ |
| ၅။ | ဂျာမနီ | ၃၂၈၅၄၂၈၆ | ၃၂၀၇၁၅၀၀ | ၁၄၉၂၇၅ |
| ၆။ | တောင်ကိုရီးယား | ၂၄၅၃၅၉၄၀ | ၂၃၅၄၁၂၄၂ | ၂၈၀၀၉ |
| ၇။ | ဗြိတိန် | ၂၃၅၈၅၃၀၅ | ၂၃၃၁၆၀၇၁ | ၁၈၉၄၈၄ |
| ၈။ | အီတလီ | ၂၂၂၁၈၈၄၆ | ၂၁၆၂၉၀၂၄ | ၁၇၆၇၁၅ |
| ၉။ | ဂျပန် | ၂၀၈၄၀၇၈၅ | ၂၀၀၅၉၁၇၇ | ၄၄၀၇၁ |
| ၁၀။ | ရုရှား | ၂၀၆၄၁၅၅၉ | ၁၉၅၉၄၅၆၂ | ၃၈၆၄၄၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၆၇၆၁၉ | ၁၀၅၈၃၉၄၇ | ၄၃၁၄၆ |
| ၂။ | အင်ဒိုနီးရှား | ၆၄၁၇၄၉၀ | ၆၂၃၆၀၂၁ | ၁၅၇၉၆၆ |
| ၃။ | မလေးရှား | ၄၈၂၃၉၇၅ | ၄၇၆၂၃၁၈ | ၃၆၃၃၀ |
| ၄။ | ထိုင်း | ၄၆၇၆၃၃၈ | ၄၆၃၅၃၆၉ | ၃၂၆၈၆ |
| ၅။ | ဖိလစ်ပိုင် | ၃၉၂၉၈၁၉ | ၃၈၃၉၀၉၄ | ၆၂၆၉၅ |
| ၆။ | စင်ကာပူ | ၁၈၈၂၁၃၄ | ၁၈၀၁၃၄၆၁ | ၁၆၀၉ |
| ၇။ | မြန်မာ | ၆၂၀၄၄၄ | ၅၉၆၂၈၀ | ၁၉၄၅၂ |
| ၈။ | ဘရူနိုင်း | ၂၂၄၆၁၀ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၆၁၅ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၂၄ | ၁၃၄၆၈၂ | ၃၀၅၆ |

## ဟသ်ာတခရိုင် အမျိုးသမီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟသ်ာတ စက်တင်ဘာ ၂၂**

ရောဝတီတိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ အမျိုးသမီးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပါဝါပွိုင့်ဖြင့် ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ အမျိုးသမီးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထပ်မံဖြည့်ဆည်းရန်လိုအပ်ချက်များ၊ အသိပညာပေးလုပ်ငန်းများ၊ သင်တန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးပြီး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည့် လုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်နေရသည့် လူမှုဝန်ထမ်းဦးစီးဌာနက တင်ပြဆောင်ရွက်သွားရန် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။

ခရိုင်အဆင့် အမျိုးသမီးကော်မတီအနေဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာများပါဝင်သော ဝန်ကြီးဌာနကိုသာ ပံ့ပိုးခြင်းမဟုတ်ဘဲ နိုင်ငံတော်အတွက် ဆောင်ရွက်နေခြင်းသာဖြစ်ပြီး သီးခြားစီဖြေရှင်းခြင်းထက် ဝိုင်းဝန်းပူးပေါင်းဖြေရှင်းခြင်းကသာ ထိရောက်အောင်မြင်ကြောင်းနှင့် အမျိုးသမီးကော်မတီအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် ခရိုင်အမျိုးသမီးကော်မတီဥက္ကဋ္ဌက တိုက်တွန်းခဲ့ကြောင်း သိရသည်။



ကိုဇော် (ဟသ်ာတ)

# အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား မသမာသောနည်းလမ်းများဖြင့် ၎င်း၏ပိုင်ဆိုင်မှုများတိုးပွားရန် ဆောင်ရွက်ခဲ့ခြင်းအပေါ် နယူးယောက်ပြည်နယ် ရှေ့နေချုပ်က တရားစွဲဆို

ဝါရှင်တန် စက်တင်ဘာ ၂၂

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် မိသားစုဝင်များအပါအဝင် Trump Organization ၏ မန်နေဂျာများအား မသမာသောနည်းလမ်းများဖြင့် ၎င်း၏ပိုင်ဆိုင်မှုများတိုးပွားစေရန် ဆောင်ရွက်ခဲ့ခြင်းအပေါ် နယူးယောက်ပြည်နယ် ရှေ့နေချုပ်က တရားစွဲဆိုထားကြောင်း သိရသည်။

ထရမ့်အဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ ကျင့်ထုံးများကို နှစ်ပေါင်းများစွာ စုံစမ်းစစ်ဆေးပြီးနောက် ယခုကဲ့သို့ တရားစွဲဆိုခြင်းဖြစ်ကြောင်း နယူးယောက်ပြည်နယ် ရှေ့နေချုပ် လီတီရှယ် ဂျိမ်းစ်က ပြောကြားသည်။

သမ္မတဟောင်းထရမ့်သည် ၎င်း၏အသားတင် ပိုင်ဆိုင်မှုငွေကြေးပမာဏကို အဆပေါင်းများစွာ တိုးတက်စေရန် မသမာသောနည်းလမ်းဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းကြောင့် တရားစွဲဆိုရခြင်းဖြစ်သည်ဟု လီတီရှယ် ဂျိမ်းစ်က ဆိုသည်။

ယင်းသို့လုပ်ဆောင်ရာတွင် ၎င်း၏သားသမီး သုံးယောက်နှင့် ထရမ့်အဖွဲ့အစည်းမှ ဝန်ထမ်းအကြီးအကဲများလည်း ပါဝင်ကြောင်း ဂျိမ်းစ်က ဆက်လက်ပြောကြားသည်။

ချေးငွေရယူရန်၊ အာမခံရရှိရန်နှင့် အခွန်သက်သာခွင့်များရရှိရန် ၎င်းတို့အတွက် လွယ်ကူမှုရှိစေရန် ပူးပေါင်းကြံစည်ခဲ့သည်ဟု လီတီရှယ် ဂျိမ်းစ်က တရားစွဲဆိုထားသည်။

ယင်းသို့လုပ်ဆောင်ခဲ့ခြင်းအတွက် ထရမ့်အနေဖြင့် ဒေါ်လာသန်း ၂၅၀ ဒဏ်ကြေးငွေပေးဆောင်ရမည်ဖြစ်ပြီး နယူးယောက်ပြည်နယ်အတွင်း မည်သည့်နေရာတွင်မဆို ထရမ့်၏မိသားစုသည် မည်သည့် စီးပွားရေးကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရန် လီတီရှယ် ဂျိမ်းစ်က ကြိုးပမ်းလျက်ရှိသည်။

အဆိုပါတရားစွဲဆိုမှုအပေါ် သမ္မတဟောင်းထရမ့်က နိုင်ငံရေးအရ လှုံ့ဆော်ခြင်းဖြစ်ကြောင်း



ပြန်လည်စွပ်စွဲခဲ့ပြီး ၎င်း၏ပိုင်ဆိုင်မှုများအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ကြိုးပမ်းခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁၁ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ စက်တင်ဘာ ၂၂

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁၁ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၈၂၃၉၇၅ ဦးရှိကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၁၀၆ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ခြောက်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၃၃၀ ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄၉၃ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၇၆၂၁၈ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၅၃၂၇ ဦးရှိပြီး ယင်းတို့အနက် ၅၇ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၃၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၅ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# မြောက်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ပြည်သူအားလုံး နှာခေါင်းစည်းဝတ်ဆင်ရန် ကြေညာချက်ထုတ်ပြန်

ပြုံယမ်း စက်တင်ဘာ ၂၂

မြောက်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ပြည်သူအားလုံး နှာခေါင်းစည်းများ ဝတ်ဆင်ရမည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယနေ့ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါနှင့် တုပ်ကွေးရောဂါ နှစ်မျိုးစလုံးသည် ဆောင်းဦးရာသီမှ ဆောင်းရာသီအထိ ကူးစက်ပျံ့နှံ့နိုင်သည့် ရောဂါများဖြစ်သည့်အတွက် ရောဂါကူးစက်မှုများ မဖြစ်ပွားစေရန် ပြည်သူများအား နှာခေါင်းစည်းဝတ်ဆင်ရန် တိုက်တွန်းခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်သည် ဆောင်းဦးရာသီဖြစ်သည့်အတွက် နေ့အပူချိန်နှင့် ညအပူချိန် လွန်စွာကွာခြားမှုရှိကြောင်းနှင့် အဆိုပါရာသီဥတုသည် ရောဂါကူးစက်ပျံ့နှံ့ရန် လွယ်ကူသည့်အတွက် ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာလိုက်နာကြပါရန် ပြည်သူများအား တိုက်တွန်းထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသော ကျန်းမာရေး ကျွမ်းကျင်ပညာရှင်များက အဆိုပါရာသီ အကူးအပြောင်းကာလတွင် ရောဂါကူးစက်ခံရမှုအရေအတွက် ပိုမိုများပြားလာမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကင်းစင်သည့် နိုင်ငံဖြစ်သည်ဟု လွန်ခဲ့သော လက ကြေညာခဲ့သည်။ ထို့ပြင် နှာခေါင်းစည်းဝတ်ဆင်မှုကိုလည်း မလိုအပ်တော့ကြောင်း ကြေညာခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ရောဂါကူးစက်မှုအတွက် စိုးရိမ်ပူပန်မှုများ မြင့်မားလျက်ရှိသည်။

ယခုလ အစောပိုင်းတွင် ခေါင်းဆောင် ကင်ဂျုံအန်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ချမှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**





# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ သန်းကျော်ရှိလာ

ဟနွိုင်း စက်တင်ဘာ ၂၂

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၂၈ ဦးထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၁၄၆၇၆၁၉ ဦးရှိကြောင်း သိရသည်။

ယနေ့ထပ်မံတွေ့ရှိသည့် ရောဂါကူးစက်ခံရသူအရေအတွက်သည် စက်တင်ဘာ ၂၀ ရက်ကထက် ၃၅၉ ဦးလျော့နည်းလာသည်ကို တွေ့ရှိရသည်။ ထို့ပြင် ရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။ သို့သော် ရောဂါကူးစက်မှုကြောင့် သေဆုံးသူထပ်မံမရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၁၄၆ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ လူနာ ၁၂၃ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။ လက်ရှိတွင် လူနာ ၁၀၅၈၃၉၄၇ ဦး (ရောဂါကူးစက်ခံရသူအားလုံး၏ ၉၂ ရာခိုင်နှုန်း)သည် ရောဂါမှပြန်လည်သက်သာလာပြီး ဆေးရုံများမှ ဆင်းသွားပြီဖြစ်သည်။

ကာကွယ်ဆေးအလုံးရေ ၂၅၉ ဒသမ ၇ သန်းကျော် ထိုးနှံပေးပြီးဖြစ်ပြီး ယင်းတို့အနက် အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ကာကွယ်ဆေးအလုံးရေ ၂၂၀ ဒသမ ၃ သန်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံက အိုမီခရွန်ဗီဇပြောင်းမျိုးရပ်စ် BA.4, BA.5, BA.2.12.1 နှင့် BA.2.74 ကူးစက်မှုများအား မှတ်တမ်းတင်ထားပြီးဖြစ်ပြီး ပြည်သူများအား ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူကြရန် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားမှုများ တွေ့ရှိလာသည့်အတွက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားမှုများတွေ့ရှိလာသည့်အတွက် ကြုံတွေ့နိုင်သည့်အခက်အခဲနှင့် လိုအပ်ချက်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို အဆင်ပြေအောင်မြင်စွာ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တုံ့ပြန်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားရာတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသွားအလာ ကန့်သတ်ထားရှိမည့်နေရာများ၊ ဆေးရုံဆေးခန်းများ၊ ကိုဗစ် -၁၉ ရောဂါပိုးတွေ့လူနာများအတွက် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက မိမိ၏ အသက်ကို ပဓာနမထားဘဲ ရောဂါဖြစ်နေသည့်လူနာများကို မိမိ၏အသက်ကိုရင်းပြီး ဆောင်ရွက်ရသည့်အတွက် မိမိဒေသတွင် သမိုင်းတစ်လျှောက် ဂုဏ်ယူရမည့်သူများဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ပြန်လည်တွေ့ရှိရသည့်အတွက် ကျန်းမာရေးပညာရှင်များ၊ လူမှုဝန်ထမ်းပရဟိတအဖွဲ့များက အဆင်သင့်ဖြစ်နေရန်လိုအပ်လာပြီဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဂရုတစိုက် သွားလာနေထိုင်ရန်နှင့် နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာနေထိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ရမည့်အပိုင်းများ၊ စက်ပစ္စည်းများအနေဖြင့် ဆောင်ရွက်ရမည့်အခြေအနေများ၊ ကာကွယ်၊ ကုသရေးအပိုင်းများတွင် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ ကူညီဆောင်ရွက်ပေးနေသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်ပြီး ကူညီလုပ်ကိုင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် စက်တင်ဘာ ၂၂**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်နှင့် ယနေ့တို့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်ပေးပြီး တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် နေ့လယ်စာသုံးဆောင်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်နေ ခင်ဖြိုးနန္ဒာသည် ၎င်းအသုံးပြုသည့် “Khin Phyo Nandar” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရှားဇောင်းကန်ကျေးရွာနေ မျိုးဝင်းအောင်သည် ၎င်းအသုံးပြုသည့် “Myo Win Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ ငါးများဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ဘိုကလေး စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသတွင်းမှ ငါးမွေးကန်လုပ်ငန်းရှင်များ ပူးပေါင်းကာ ပြည်သူများ ငါးရိက္ခာဖူလုံစေရေးနှင့် ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ယနေ့နံနက် ၇နာရီတွင် ဘိုကလေးမြို့ စံပြဈေးအနီး၌ ဈေးနှုန်းချိုသာစွာဖြင့် ငါးများရောင်းချပေးခဲ့သည်။

**ရောင်းချပေး**

ရောင်းချရာတွင် ငါးတန်တစ်ပိဿာလျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားနှုန်းဖြင့် စုစုပေါင်း ငါးပိဿာချိန် ၁၀၀ ကို အိမ်ထောင်စု ၂၀၀ အတွက် ရောင်းချပေးခဲ့သည်။

ငါးရောင်းချနေမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

**✻ ကျောဖုံးမှ**

ဖမ်းဆီးရမိတရားခံ **စိုင်းထက်အောင်**၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် နတ်ကြီးကျေးရွာတွင် ခိုအောင်းနေထိုင်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ **ဖော်မင်းထွေး၊ အောင်ကိုလတ်၊ ကျော်သူ၊ ဖိုးဦး၊ ဖော်လင်းအောင်** တို့ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးစဉ် **ဖော်လင်းအောင်**သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုင်ဆောင်သည့် လက်နက်အား လုယူထွက်ပြေးရန် ကြိုးစားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အသေဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် စုစုပေါင်းတရားခံ ကျား ရှစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **စိုင်းထက်အောင်၊ လှိုင်မျိုးအောင်၊ ကြွံခိုင်ထွန်း၊ ဖော်မင်းထွေး၊ အောင်ကိုလတ်၊ ကျော်သူ၊ ဖိုးဦး**နှင့် **ဖော်လင်းအောင်**တို့သည် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး**၏ စည်းရုံးမှုဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်ခန့်တွင် မြောင်မြို့နယ် ညောင်ကန်ကျေးရွာအနီး ကိုင်းတောအတွင်း၌ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးသင်တန်း တစ်လခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် ငါန်းဇွန်မြို့နယ်နှင့် မြောင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်ရန်အတွက် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့အား ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **အောင်ဝင်းဦး** ခေါင်းဆောင်၍ **စိုင်းထက်အောင်၊ လှိုင်မျိုးအောင်၊ ကြွံခိုင်ထွန်း၊ ဖော်မင်းထွေး၊ အောင်ကိုလတ်၊ ကျော်သူ၊ ဖိုးဦး၊ ဖော်လင်းအောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မိုးကျော်ဦး၊ မင်းမင်းဦး** တို့အပါအဝင် အင်အား ၄၄ ဦးခန့်ဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများကို ရက်စက်ယုတ်မာစွာဖြင့် လုပ်ကြံသတ်ဖြတ်မှု လေးကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် **လှိုင်မျိုးအောင်၊ ကြွံခိုင်ထွန်း**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး** အပါအဝင် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၁၅ ဦးသည် ငါန်းဇွန်မြို့နယ် ထနောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး၏နေအိမ်သို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်မင်းထွန်းနှင့် ဇနီးဒေါ်မြင့်တို့ကို ဒလန်ဟု စွပ်စွဲ၍ လူမဆန်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း။
- စက်တင်ဘာ ၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး**နှင့် **စိုင်းထက်အောင်**တို့သည် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာ၌ အပြစ်မဲ့ပြည်သူ ဦးမင်းအောင် ကို ဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။
- စက်တင်ဘာ ၁၆ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး**နှင့် **စိုင်းထက်အောင်**တို့ အပါအဝင် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၁၅ ဦးသည် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးဘမော်ကို ဒလန်ဟုစွပ်စွဲကာ ကန့်လန့်ကျေးရွာ အထက်တန်းကျောင်းရှေ့၌ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း။
- အလားတူ ယင်းနေ့တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **မင်းမင်းဦး**၏ စေခိုင်းချက်အရ ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် လေးဦးသည် ကန်သာကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးမျိုးမြင့်ကို ဒလန်ဟုစွပ်စွဲကာ ကန်သာကျေးရွာ ရွာလယ်လမ်းမပေါ်၌ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ငါန်းဇွန်မြို့နယ်နှင့် မြောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လူမဆန်စွာ ခေါင်းဖြတ် သတ်ဖြတ်ခဲ့သည့် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား

စက်တင်ဘာလ ၁၇ ရက်တွင် ဖမ်းဆီးရမိတရားခံများ


စိုင်းထက်အောင်


လှိုင်မျိုးအောင်


ကြွံခိုင်ထွန်း

စက်တင်ဘာလ ၁၉ ရက်တွင် ဖမ်းဆီးရမိတရားခံများ


ဖော်မင်းထွေး


အောင်ကိုလတ်


ကျော်သူ


ဖိုးဦး


ဖော်လင်းအောင် (သေဆုံး)


ဦးမျိုးမြင့် (၅၂)နှစ် (သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ငါန်းဇွန်မြို့နယ် ကန်သာကျေးရွာ ရွာလယ်လမ်းမပေါ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။


ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်မင်းထွန်း (၄၅)နှစ် (သေဆုံး)


ဒေါ်မြင့် (၅၅)နှစ် (သေဆုံး)

၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ငါန်းဇွန်မြို့နယ် ထနောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးဖြစ်သူ ဒေါ်မြင့်တို့ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။


ဦးမင်းအောင် (၄၀)နှစ် (သေဆုံး)


ဦးဘမော် (၆၉)နှစ် (သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာ အထက်တန်းကျောင်းရှေ့၌ အပြစ်မဲ့ပြည်သူတစ်ဦး ရက်စက်စွာ ခေါင်းဖြတ် သတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

**❖ မွန်ပြည်နယ်မှ**

ထိုသို့ ပျက်စီးသွားသည့် တံတားအား ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်းနှင့် တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဗန်းမော်နှင့် မောင်တောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၂**


မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ည ၈ နာရီတွင် ဗန်းမော်မြို့နယ် စီဟဲကျေးရွာအုပ်စု စီဟဲကျေးရွာအနီး ဗန်းမော်-မံစီသွားကားလမ်းတွင် မလုပန် မောင်းနှင်ပြီး မဆိုင်းခေါင်(ခ) အားကိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ပဒင်းကျေးရွာအုပ်စု ပဒင်းကျေးရွာရှိ မာမတ်ရှော်ဖိတ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

☆ စာမျက်နှာ ၁၆ မှ
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူဒေသတွင် ငွေကျပ်သန်းပေါင်း နှစ်ရာ့လေးဆယ် (၂၄၁ ဒသမ ၁၄၉ သန်း) ကျော်၊ ချင်းပြည်နယ် ပလက်ဝ ဒေသတွင် ငွေကျပ်သန်းပေါင်း ခြောက်ရာ့ငါးဆယ်(၆၅၅ ဒသမ ၉၁၄ သန်း)ကျော်၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ အမ်း၊ ကျောက်ဖြူ စသည့် မြို့နယ်များအတွက် ငွေကျပ်သန်းပေါင်း လေးထောင်(၄၀၁၉ ဒသမ ၅၀၁ သန်း) ကျော်၊ ရှမ်းပြည်နယ် နမ္မတူ၊ မန်တုံမြို့နယ် များအတွက် ငွေကျပ်သန်းပေါင်း ခုနစ်ရာ့ကိုးဆယ် (၇၉၈ ဒသမ ၅၀၁ သန်း) ကျော် စုစုပေါင်း ထောက်ပံ့ငွေကျပ် သန်းပေါင်း ရှစ်ထောင်ကျော်(၈၉၁၂ ဒသမ ၀၁၈ သန်း) ကို ထောက်ပံ့ပေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

**တစ်ကျော့ပြန် ပြန်လည်ကူးစက်**

ဆက်လက်၍ **ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့်အခြေအနေများ**ကို တင်ပြလိုကြောင်း၊ ကိုဗစ်-၁၉ရောဂါသည် နိုင်ငံအတော်များများတွင် တစ်ကျော့ပြန်ပြန်လည်ကူးစက်မှုများ ရှိနေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်မှုရာခိုင်နှုန်းအနေဖြင့် သုည ဒသမ နောက်ဘက်တွင်ရှိသည့်အခြေအနေအထိရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် အတည်ပြုလူနာသစ် ၂၆၂ ဦး (၂ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် အတည်ပြုလူနာသစ် ၂၉၉ ဦး (၂ ဒသမ ၆၇ ရာခိုင်နှုန်း) ဖြစ်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် အတည်ပြုလူနာသစ် ၃၈၄ ဦး(၃ ဒသမ ၁၇ ရာခိုင်နှုန်း) ဖြစ်ပေါ်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၉ ရက်တွင်မူ လူနာသစ် ၂၆၉ ဦး(၂ ဒသမ ၆၃ ရာခိုင်နှုန်း) တွေ့ရှိခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပိုးတွေ့ရှိမှုနှုန်းများပြားလာသည်ကို မိဘပြည်သူများအနေဖြင့် သတိထားစေလိုကြောင်း၊ စက်တင်ဘာ ၁၅ ရက်အထိ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ၊ ဒေသ ၂၃၀ တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် ၆၁၅ ဒသမ ၅ သန်း (၆၁၅၅၅၃၄၂၄ ဦး) ကျော် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရကြောင်း။


ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့်အခြေအနေများ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်အထိ အိုမီခရွန်မျိုးကွဲသစ် B4.4 နှင့် B4.5 တို့သည် နိုင်ငံပေါင်း ၉၂ နိုင်ငံတွင် ကူးစက်ပြန့်ပွားလျက်ရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူစသည့် နိုင်ငံများ၌ အဆိုပါမျိုးကွဲသစ်များ ကူးစက်ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာမှ လေ့လာတွေ့ရှိချက်များအရ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသစ်ရောဂါပိုး B4.4 နှင့် B4.5 တို့သည် ယခင်ကရှိခဲ့သည့် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး B4.1 နှင့် B4.2 တို့ထက် ကူးစက်မှုပိုမိုမြန်ဆန်ပြီး ကာကွယ်ဆေး၏ အာနိသင်ကိုလည်း လျော့ကျစေနိုင်သည်ကို တွေ့ရကြောင်း။

**ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတိရှိကြရန်အတွက် ထပ်မံအသိပေး**

လူတိုင်းသည် ကိုဗစ်-၁၉ ၏ မျိုးရိုးဗီဇကွဲဖြစ်သည့် အိုမီခရွန်ကူးစက်ခံရနိုင်ခြေရှိပါကြောင်း၊ ရောဂါလက္ခဏာမပြဘဲ ကူးစက်နိုင်ကြောင်း၊ မပြင်းထန်သည့် ကိုဗစ်-၁၉ အခြေအနေမှ ပြင်းထန်သည့် ဖျားနာခြင်းများ ဖြစ်စေနိုင်ကြောင်း၊ အသက်အရွယ်ကြီးသူများ၊ ရောဂါအခံရှိသူများနှင့် ကာကွယ်ဆေးမထိုးနှံသူများတွင် ရောဂါဖြစ်ပွားရန် လွယ်ကူပြီး ကုသရန် ခက်ခဲသဖြင့် အသက်သေဆုံးနိုင်ကြောင်း၊ ထို့ကြောင့် အိုမီခရွန် သည် မပြင်းထန်လျှင်ပင် ကိုယ်ခံအားနည်းသူများ၊ ကာကွယ်ဆေးမထိုးနှံသူများနှင့် ရောဂါအခံရှိသူများအတွက် ပေါ့ဆ၍မရကြောင်း၊ မိမိတို့၏ နိုင်ငံပိုင် သတင်းမီဒီယာများကလည်း ထုတ်ပြန်ချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ယခု သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများအနေဖြင့်လည်း ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတိရှိကြရန်အတွက် ထပ်မံအသိပေးစေလိုကြောင်း မေတ္တာရပ်ခံပြောကြားသည်။

လက်ရှိ မျိုးကွဲသစ်ကူးစက်မှုကို ကာကွယ်နိုင်ရန်အတွက် အများအားဖြင့် အကြိမ်ပြည့်ထပ်ဆောင်းထိုးနှံထားခြင်းသာ ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း၊ ကူးစက်မှုကို လျော့နည်းစေမည်ဖြစ်ပြီး အသက်သေဆုံးမှု နည်းပါးစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်ပြီး ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း သန်းသုံးဆယ်(၃၀၄၆၁၀၆၃ ဦး)ကျော် နှင့် အသက် (၁၈)နှစ်အောက် လူဦးရေစုစုပေါင်း ၆ ဒသမ ၅ သန်း(၆၅၁၅၅၂ ဦး)ကျော်တို့အား ထိုးနှံထားရှိပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၈-၁-၂၀၂၂ ရက်နေ့မှ ၇-၉-၂၀၂၂ ရက်နေ့အထိ တွေ့ရှိရသည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများဖြစ်ကြကြောင်း၊ ၁၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံထားသူများဖြစ်ကြကြောင်း၊ လေးရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြောင်း၊ သုည ဒသမ ၁ ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြောင်း။

**ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ**

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ရာ၌ ရောဂါဖြစ်ပွားသူများ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ ထားခြင်း မရှိသူများဖြစ်ကြကြောင်း၊ ၁၄ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြကြောင်း၊ ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံထားသူများမှာ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများကို လျှော့ချနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးမထိုးရသေးသူများက အမြန်ဆုံးထိုးနှံကြရန် လိုအပ်သလို နှစ်ကြိမ်ပြည့် ထိုးနှံပြီးဖြစ်သူများကလည်း ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံကြပါဟု မိဘပြည်သူများကို တိုက်တွန်းလိုကြောင်း။

လာမည့်ဆောင်းရာသီကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ ရှိနေဦးမည်ဖြစ်သည့်အတွက် ရောဂါကာကွယ်တားဆီးနိုင်ရန်အတွက် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံမှုနှင့် အားဖြည့်ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ ပါးစပ်နှင့်နှာခေါင်းစည်းများကို အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများနှင့် အများပြည်သူသွားလာသည့် ယာဉ်များအပေါ် စီးနင်းရာ၌ တပ်ဆင်ရန်၊ သက်ဆိုင်ရာဌာနအသီးသီးကလည်း ကျန်းမာရေးသတ်မှတ်ချက်များနှင့် ကိုက်ညီအောင်နေထိုင်ကြရန် ပညာပေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ကြရန် စီမံဆောင်ရွက်ရန်တို့ကို လိုက်နာလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ ရောဂါကူးစက်နိုင်မှုများ လျော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုကို ပညာပေးလှုံ့ဆော်မှုများလုပ်ဆောင်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**ပြည်သူလူထုသို့ အသိပေးချက်အခြေအနေများ**

နောက်ဆုံးအချက်အနေဖြင့် အကြမ်းဖက် **NUG** နှင့် **PDF** အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် အကြမ်းဖက်အားပေးမှုများမဖြစ်စေရန် ပြည်သူလူထုသို့ အသိပေးချက်အခြေအနေများကို ဆက်လက်ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ယင်းအကြမ်းဖက်အဖွဲ့အစည်းများ၏ ပထမဆုံးသောလှုပ်ရှားမှုအနေဖြင့် နွေဦးတော်လှန်ရေးဆိုပြီး လုပ်ဆောင်ကြောင်း၊ ထိုသို့မလုပ်ဆောင်မီ CDM လုပ်ကြပါဟု အော်ကြောင်း၊ ယင်းမှာ အများသတိထားမိသည့်အကြောင်းအရာများဖြစ်ကြောင်း၊ Project ဆိုသည့် ခေါင်းစဉ်ပေါင်းမနည်းသလို Operation ဆိုသည်လည်း မနည်းပါကြောင်း၊ Campaign ဆိုသည်များလည်း အတော်များကြောင်း၊ အလှူခံသည့်ခေါင်းစဉ်ပေါင်းလည်း မနည်းပါကြောင်း၊ ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ဇယားနှင့် ပြလိုကြောင်းပြောကြား၍ အကြမ်းဖက်သတ်ဖြတ်ခံရသည့် ဇယား၊ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးစသည့်ဇယားများကိုပြသသည်။

မိမိ ယခုတင်ပြခဲ့သည့်အချက်များထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သည့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏စာရင်းများ မပါသေးကြောင်း၊ ရဟန်းသံဃာများ၊ ဝန်ထမ်းများ၊ ပြည်သူများဖြစ်ကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုသို့လုပ်ဆောင်နေသည်ကို သိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့ပြောသည့် ဒီမိုကရေစီဆိုသည်မှာ ထိုသို့ လူသတ်နေသည့်ဝါဒလားဟု မေးလိုကြောင်း၊ ဖြည့်စွက်တင်ပြလိုသည်များ ရှိပါသေးကြောင်း၊ အထက်ပါတင်ပြချက်များသာမက PDF ဆိုသည့် အကြမ်းဖက်အဖွဲ့အချင်းချင်း ပစ်ခတ်သတ်ဖြတ်ကြခြင်းများ၊ ၎င်းတို့ အဖွဲ့အတွင်း၌ အချင်းချင်းအမျိုးမျိုး စွပ်စွဲပြီး နည်းမျိုးစုံနှင့်သတ်ဖြတ်ခြင်းများ၊ တချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက PDF က လူငယ်များကို သတ်ဖြတ်မှုများ မပါသေးပါကြောင်း၊ ထိုကဲ့သို့အသတ်ခံရသည့်စာရင်း၌လည်း မိမိတို့စုံစမ်းသိရှိရသလောက် ရာနှင့်ချီသည့်သူများ သေဆုံးခဲ့ရသည်ဟုသိရှိထားကြောင်း၊ အများလည်း သိရှိပြီးဖြစ်သည့် ကိစ္စတချို့၏ သက်သေအချို့ကို မိမိ ပြလိုကြောင်းပြောကြား၍ ဗိုလ်သံမဏိတို့အဖွဲ့သတ်ဖြတ်မှုကိစ္စ၊ ဆရာစံ PDF အဖွဲ့သတ်ဖြတ်မှုကိစ္စများ၊ ဗိုလ်ကျားကြီး သတ်ဖြတ်မှုကိစ္စများကို Screen Shot ဖြင့် ပြသသည်။ **စာမျက်နှာ ၁၈ သို့ ☆**


အကြမ်းဖက် NUG နှင့် PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် အကြမ်းဖက်အားပေးမှုများ မဖြစ်စေရန် ပြည်သူလူထုသို့ သတိပေးချက်အခြေအနေများ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၆၅ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၃၀၀၅ |
| 95 Ron | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၃၀၉၅ |
| HSD (500 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၇၁၀ |
| HSD (50 ppm) | ၂၈၁၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၂၀ | ၂၈၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၆၀ | ၂၉၅၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၉၅ | ၂၈၉၅ | ၂၉၀၀ | ၃၃၁၅ | ၃၇၄၅ |
| HSD (10 ppm) | ၂၈၁၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၂၀ | ၂၈၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၆၀ | ၂၉၅၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၉၅ | ၂၈၉၅ | ၂၉၀၀ | ၃၃၁၅ | ၃၇၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၇ | ၂၂၁၃ |
| 95 Ron | ၂၂၁၄ | ၂၂၉၂ |
| HSD (500 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (50 ppm) | ၂၆၉၂ | ၂၇၇၅ |
| HSD (10 ppm) | ၂၆၉၂ | ၂၇၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ စာမျက်နှာ ၁၇ မှ

ယခုတင်ပြခဲ့သည်မှာ Screen Shot များသာရှိပါသေးကြောင်း၊ သတ်ဖြတ်နေသည့် Video ဖိုင်များစွာကိုလည်းအားလုံးတွေ့မြင်ကြပြီးဖြစ်ကြောင်း ပြောကြားသည်။

**ဆက်ကြေးကောက်ခြင်းများကို အပြိုင်အဆိုင် လုပ်ဆောင်**

NUG အဖွဲ့၏ ကွပ်ကဲမှုအောက်၌ရှိသည့် PDF ဆိုသည်များ၊ LPDF ဆိုသည်များမှာ အင်အားတိုးချဲ့မှုများကိုလည်း နည်းမျိုးစုံနှင့် လုပ်ဆောင်လျက်ရှိကြောင်း၊ အင်အားတောင့်တင်းလာချိန်၌ မိမိတင်ပြသွားသည့်ကိစ္စကဲ့သို့ အချင်းချင်းအာဏာလုခြင်းများ၊ အားပြိုင်မှုများ၊ နယ်မြေသတ်မှတ်ပြီး ဆက်ကြေးကောက်ခြင်းများကို အပြိုင်အဆိုင် လုပ်ဆောင်ကြကြောင်း၊ ၎င်းတို့၏အဖွဲ့အသီးသီးကို အင်အားတောင့်တင်းအောင် မည်သို့လုပ်ဆောင်သည်ဆိုသည်ကို သိသာအောင် မိမိ Video file အချို့ကိုပြလိုကြောင်း ပြောကြား၍ ထွက်ပြေးလွတ်မြောက်လာသည့် အမျိုးသမီးနှစ်ဦး၏ Video file အား ပြသသည်။

ယခုပြသခဲ့သည်မှာ တပ်မတော်၏ အကူအညီဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ EAOs အဖွဲ့များနှင့် PDF အဖွဲ့များထံကထွက်ပြေးလွတ်မြောက်လာသူအချို့၏ ထွက်ဆိုချက်ဖြစ်ကြောင်း၊ ၎င်းတို့၏ ပြောကြားချက်များအရ PDF များအနေဖြင့် ရွာများ၌ ခြိမ်းခြောက်ပြီး လူငယ်လူရွယ်များကို မဖြစ်မနေ အကျပ်ကိုင်ပြီး စည်းရုံးခြင်းများရှိကြောင်းကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိတ်ခံစားချက်ကြောင့် လမ်းမှားရောက်နေသည့် လူငယ်လူရွယ်များကို လမ်းမှန်သို့ရောက်အောင် ဖိတ်ခေါ်မှုများကို ဆက်တိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်တွေ့လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အတွက် လမ်းမှန်ကို ပြန်လည်ရောက်ရှိလာသူများအနေဖြင့် နိုင်ငံတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံရပြီးပြန်လည်ဆက်သွယ်သတင်းပို့လာသူ စက်တင်ဘာ ၁၈ ရက်အထိ ၁၁၁၁ ဦး၊ PDF များအပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံပြီး လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းများက ပြန်လည်ဆက်သွယ်သတင်းပို့လာသူ ၂၇၃ ဦးနှင့် CDM ဝန်ထမ်းငါးဦး စုစုပေါင်း ၁၃၈၉ ဦးရှိကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ စိတ်ခံစားချက်ကြောင့်ဖြစ်စေ၊ နိုင်ငံရေးသမားများ၏ အသုံးချမှုကိုခံရ၍ဖြစ်စေ၊ ခြိမ်းခြောက်ခံရ၍ဖြစ်စေ တရားမဝင်အဖွဲ့အစည်းအသီးသီး၊ အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတွင် ရောက်ရှိနေသည့် လူငယ်လူရွယ်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများအနေဖြင့် လမ်းမှန်ကို ပြန်လည်ရောက်ရှိနိုင်ရေး ရဲရဲဝံ့ဝံ့ပြန်လည်လျှောက်လှမ်းခဲ့ကြရန်နှင့် မိမိတို့အနေဖြင့် ကြိုဆိုနေကြောင်း၊ အချို့သောကိစ္စရပ်များကို မီဒီယာများမှ တစ်ဆင့် ပြည်သူများ သိရှိအောင်မပြသနိုင်သေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် အချို့ပြန်လည်ဝင်ရောက်လာသူများထဲတွင် ၎င်းတို့၏စိတ်ခံစားချက်အတိုင်း ပြောကြားချက်များရှိကြောင်း၊ သို့သော် ၎င်းတို့၏မိသားစုများနှင့် ၎င်းတို့၏ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုအန္တရာယ်များကြောင့် မပြသနိုင်သည်များရှိပါကြောင်း၊ ကာယကံရှင်သာမက မိသားစုကိုပါ ခြိမ်းခြောက်နေသည့် ဖြစ်စဉ်များရှိကြောင်း။

**ထိရောက်ပြင်းထန်သည့် ပြစ်ဒဏ်များပေးရလိမ့်မည်**

အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဓားဖြင့်၊ သေနတ်ဖြင့် လူမဆန်စွာ သတ်ဖြတ်ခဲ့သည်များကို သတင်းများထုတ်ပြန်ခဲ့ကြောင်း၊ ပါဝါပွိုင့်၌ မိမိတို့ထုတ်နုတ်ချက်အချို့ကို ပြသထားပါကြောင်း၊ ယခုထုတ်နုတ်ချက်အချို့ထဲ၌ လူတစ်ဦးတစ်ယောက်ကို ဓားနှင့် ခုနစ်ချက်ထိုးသည့်ဖြစ်စဉ်များ၊ သေနတ်နှင့် ငါးချက် ခြောက်ချက်၊ ၁၁ ချက် အထိ ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်များ ရှိကြောင်း၊ ထိုထက်မက လူမဆန်စွာဖြင့် ဓားဖြင့်၊ သေနတ်ဖြင့် ရည်ရွယ်ချက်ရှိရှိ မသေမချင်း သတ်ဖြတ်သည့် အကြောင်းအချက်များ ရှိပါသေးကြောင်း၊ ယင်းသို့ရက်ရက်စက်စက် လူကိုသတ်ခဲ့သည့် အကြမ်းဖက်သမားများကို ထိရောက်ပြင်းထန်သည့် ပြစ်ဒဏ်များပေးရလိမ့်မည်ဖြစ်ကြောင်း၊ ခံစားရသည့်သူများဘက်၊ နစ်နာသူများဘက်၊ ပြည်သူလူထု၏ ဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး မျက်နှာကိုသာ မိမိတို့ကြည့်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အကြမ်းဖက်ကိစ္စရပ်များကို ကိုယ်တိုင်ပါဝင်ပတ်သက်ခြင်း၊ သွယ်ဝိုက်အားပေးထောက်ခံခြင်း စသည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြည်သူလူထုသတိထားမိအောင် ရှင်းလင်းတင်ပြလိုကြောင်း ပြောကြား၍ အကြမ်းဖက်များနှင့် ဆက်စပ်မိလျှင် မည်သည့်ဥပဒေများနှင့် ငြိစွန်းပြီး မည်သည့်ပြစ်ဒဏ်များကျခံရနိုင်သည်ကို ဖော်ပြထားသည့် ပြစ်မှုပြစ်ဒဏ်ဇယားအားပြသသည်။

အချိန်ကန့်သတ်ချက်အရ အကျယ်တဝင့်မပြောတော့ကြောင်း၊ “သတိလေး တစ်ချက်လွတ်သွားလို့ပါ”ဆိုသည်ဖြစ်စေ၊ “ဘာဖြစ်သွားမှန်းမသိပါဘူး” ဆိုသည်ဖြစ်စေ၊ “ဒီအတိုင်းလေးပဲကြည့်လိုက်တာ” ဆိုသည်ဖြစ်စေ ဥပဒေကလက်ပိုက်ကြည့်နေမည်မဟုတ်သည်ကို ပြောကြားလိုကြောင်း၊ လူသုံးအများဆုံးဖြစ်နေသည့် Facebook မှ ဖြစ်လာနိုင်သည်ကို ဥပမာအနည်းငယ်နှင့် ပြောကြားလိုကြောင်း၊ အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG, CRPH, PDF စသည့် အဖွဲ့များ၏ စာများ၊ ပုံများ၊ ဗီဒီယိုများ၊ ၎င်းတို့ကိုအားပေးထောက်ခံသည့်သူများ၏ စာများ၊ ပုံများ၊ ဗီဒီယိုများကို Like တစ်ခု ပေးလိုက်သည်ဖြစ်စေ၊ Share လုပ်လိုက်သည်ဖြစ်စေ လုပ်လိုက်ပါက ယခုပြသထားသည့်ဇယား၌ မြင်ရသည့်အတိုင်း ရာဇသတ်ကြီးပုဒ်မ ၁၂၄(ခ)နှင့် ငြိစွန်းကြောင်း၊ အနည်းဆုံးထောင် သုံးနှစ်မှ ၁၀ နှစ်အထိချမှတ်နိုင်ကြောင်း၊ ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်ဆိုသည်ကို အသိပေးလိုကြောင်း။

**ငွေကြေးအပါအဝင် ပစ္စည်းထောက်ပံ့ခြင်းများ၊ အားပေးကူညီခြင်းများကို လုပ်ဆောင်ခဲ့ပါက . . .**

ထို့ပြင် ယခုတစ်လော ပြန်ပြီးအသံထွက်လာသည့် “CDM လုပ်ကြပါ”၊ “ထွက်ခဲ့ကြပါ” အပါအဝင်ဝန်ထမ်းများ၏စည်းကမ်းသေဝပ်မှုကို ထိခိုက်စေသည့် အကြောင်းအရာများ၊ တာဝန်ဝတ္တရားကို ထိခိုက်စေသည့် အကြောင်းအရာများ၊ အနှောင့်အယှက်ပေးနိုင်သည့် စာများ၊ ပုံများကို ကိုယ်တိုင်ရေးသားတင်ပြခြင်း၊ Share လုပ်ခြင်းများစသည့် ကိစ္စရပ်များကို လုပ်ဆောင်မိခဲ့ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅(က)နှင့် ငြိစွန်းကြောင်း၊ ထောင်နှစ်နှစ်အထိချမှတ်နိုင်ကြောင်း၊ ထို့ပြင် အကြမ်းဖက်အဖွဲ့အစည်းများကို ငွေကြေးအပါအဝင် ပစ္စည်းထောက်ပံ့ခြင်းများ၊ အားပေးကူညီခြင်းများကို လုပ်ဆောင်ခဲ့ပါက ပိုမိုကြီးမားသည့်အပြစ်ကို ကျူးလွန်ခြင်းဖြစ်ပြီး ပိုမိုကြီးလေးသည့်ပြစ်ဒဏ်ကို ခံရနိုင်သည်ဆိုသည်ကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"သဘာဝဘွဲ့သာမဟုတ်ဘူး၊ ဘုန်းတော်ဘွဲ့သီချင်းတွေကိုက ပြောင်မြောက်တယ်။ ဒါကို ဝေဖန်စဉ်းစားကြည့်မယ်ဆိုရင် မြဝတီမင်းကြီးဟာ တကယ့်မျိုးချစ်သူရဲကောင်းကြီးဖြစ်လို့ပဲ။ ဒါတင်မကဘူး၊ သူဟာ သူ့အရှင်သခင်ကို တကယ်ကြည်ညိုတယ်။ လေးစားတယ်။ သူ ကြည်ညိုလေးစားတဲ့အတိုင်း ဖွဲ့ဆိုတဲ့ ဘုန်းတော်ဘွဲ့တွေဟာလည်း ပြောင်မြောက်တာပဲ။ ဒါပေမဲ့ မြဝတီမင်းကြီးရေးတဲ့ ဘုန်းတော်ဘွဲ့ထဲက ကျုပ်အားအရဆုံးသီချင်းကတော့ ဂီတအနုပညာလောကမှာ နာမည်ကြီးနေတဲ့ကုန်းဘောင်နေမင်းပတ်ပျိုးပဲ။ အမှန်က မြဝတီမင်းကြီးဟာ ဒီသီချင်းကို ထောင်ထဲက စပ်တာပဲ။ ဘုရင်အမျက်တော်ပြေအောင်ဆိုပြီး သူ့ဘဝလွတ်မြောက်ရေးအတွက် စပ်ဆိုတဲ့ ဒီသီချင်းကို ကျုပ်နည်းနည်းမှ အရသာခံလို့မရဘူး။ ကျုပ်မှားချင်လည်း မှားမယ်။ ဒါပေမဲ့ တကယ်စဉ်းစားကြည့်ရင် ဒီကုန်းဘောင်နေမင်းဟာ စာသားရော အသံရော ကျုပ်တစ်ခုမှ အရသာခံလို့မရဘူး။ မြဝတီမင်းကြီးရေးစပ်ခဲ့တဲ့ သီချင်းတွေမှာ ဒီသီချင်းဟာ အညံ့စားထဲကပါတယ်ဆိုတာ အလွယ်တကူ ဆုံးဖြတ်လို့ရတယ်။ စာသားကလည်း ဘာမှ မပြောင်မြောက်ဘူး။ ကုန်းဘောင်နေမင်း ဘုန်းရောင်ငွေရှင်းသောင်းဒီပါထိန်ထိန်လင်းဆိုတဲ့ စာသားမျိုးဟာ မင်းကြီးရေးတဲ့ ဇေယျာရွှေမြေထောင်ရောင်နေတို့နဲ့စာရင် တော်တော်လေး ကွာခြားနေတယ်။ စာသားတင်မဟုတ်ဘူး၊ အသံအဖွဲ့အနွဲ့ကလည်း ရိုးတယ်၊ စင်းတယ်။ ဥပမာ... ကုန်းဘောင်ပရမေနဲ့ နှိုင်းယှဉ်ကြည့်ရင် သူက ကလေးကစားသလို ဖြစ်နေတယ်။ အဲဒီတော့ ကျုပ်စဉ်းစားကြည့်တယ်။ ကုန်းဘောင် ပရမေသီချင်းကပဲ ထောင်ထဲကရေးတာ ဖြစ်မလားလို့ တွေးကြည့်တယ်။ သီချင်းကြီးစာအုပ်တွေထဲမှာလည်း မူကွဲနေတယ်။ ပြီးတော့ တချို့က ကုန်းဘောင်ပရမေသီချင်းက ထောင်ထဲကနေပြီး ရေးစပ်တာလို့ ပြောကြတယ်။ ဒါပေမဲ့ ကျုပ်မယုံဘူး၊ နီးစပ်ပြီးဖြစ်နိုင်တာက ကုန်းဘောင်နေမင်းပတ်ပျိုးကို ထောင်ထဲက စပ်တာဖြစ်ရမယ်လို့ ထင်မိတယ်။ ဒီတော့ ကျုပ်ဆိုလိုတဲ့အဓိပ္ပာယ်ကို ပြန်ပြီးချုပ်ရဦးမယ်။ စာဆိုတစ်ယောက်ဟာ ကိုယ့်ဘဝရဲ့ လွတ်မြောက်ရေးအတွက် ရေးစပ်ရတဲ့ သီချင်းဖြစ်လျက်သားနဲ့ ဘာကြောင့် မပြောင်မြောက်တာလဲ။ ဒါကို ပြန်စဉ်းစားကြည့်လိုက်ရင်တော့ ခံစားချက်ပဲ။ မင်းကြီးဟာ သူ့ခံစားချက်အရ ဘုန်းတော်ဘွဲ့တွေရေးခဲ့တယ်။ အဲ့ဒီဘုန်းတော်ဘွဲ့တွေဟာ သူ့ရဲ့ ပင်ကိုစေတနာအတိုင်း ရေးခဲ့တဲ့အတွက် ပြောင်မြောက်တယ်။ ဒါပေမဲ့ သူ့လွတ်မြောက်ရေးအတွက် ရေးတဲ့ ဘုန်းတော်ဘွဲ့ကျတော့ ပြောင်မြောက်သင့်သလောက် မပြောင်မြောက်တော့ဘူး။ ဒါဟာ ခံစားချက်အရ မှုမမှန်လို့ပဲ။ သူ့ကို အပြစ်မပေးသင့်ဘဲပေးတယ်လို့ထင်နေတဲ့ ဘုရင့်ရဲ့ဘုန်းတော်ကို ဖွဲ့ရာမှာ စိတ်မပါလို့ ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း သူကိုယ်တိုင် သူ့လွတ်မြောက်ရေးအတွက် သူမယုံကြည်ဘဲ သူ့အနုပညာကို အသုံးပြုရတဲ့အတွက် ဖြစ်ချင်လည်းဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် အနုပညာဟာ လိမ်လို့မရဘူးဆိုတာတော့ ထင်ရှားနေတာပဲ"

ကိုဘခက်သည် ကရားမှ ရေလွတ်သလို မနားတမ်း ဂီတရှင်းတမ်းကို ဆက်တိုက်ပြောလိုက်သည်။ 'မ'ကမူ ပါးစပ်အဟောင်းသားနှင့် နားထောင်၍ နေရှာသည်။ 'မ' သည် ကိုဘခက်၏ စကားကို နားထောင်ရင်း ကြည်ညိုမဆုံး ရှိတော့သည်။

ကိုဘခက် ပြောလိုက်သောစကားထဲတွင် အနုပညာအကြောင်းသက်သက်ဟု ထင်ရသော်လည်း ထိုအကြောင်းသာမက လူ့စိတ်သဘောလည်း ပါသည်။ အနုပညာနှင့် ဘဝ၏ ဆက်စပ်ပုံလည်း ပါသည်။ အနုပညာတစ်ရပ်သည် မှန်ကန်သောခံစားချက်မှ ထွက်ပေါ်လာပုံလည်း ပါသည်။ အဘိဓမ္မာသဘောအရလည်း အနုပညာတစ်ရပ်သည် လိမ်လည်၍ မရသောအကြောင်းလည်း ပါသည်။ 'မ' သည် တစိမ့်စိမ့်တွေးရင်း ကိုဘခက်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ပို၍ သဘောပေါက်လာသည်။

ကိုဘခက်ကမူ သူပြောလိုသော စကားများကို ပြောနေရသောကြောင့်လားမသိ၊ စားပွဲပေါ်တွင် အသင့်ငှဲ့ထားသော ရေနွေးကြမ်းကိုပင် သောက်ရန် သတိမရ။ ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာ၍ နေတော့သည်။ 'မ' က လက်ဖက်ရည်ပန်းကန်ကိုယူ၍ ကိုဘခက်ကို ပေးလိုက်သည်။

"ရေနွေးကြမ်းသောက်ပါဦး ဆရာ၊ အေးတောင်ကုန်ပြီ"

ကိုဘခက်သည် 'မ' ပေးသော လက်ဖက်ရည်ပန်းကန်ကိုယူ၍ တစ်ကျိုက်တည်းနှင့် မော့လိုက်သည်။ 'မ' သည် ကိုဘခက်၏အပြုအမူကို အထူးအဆန်း ကြည့်နေမိသည်။ ဆရာတစ်ယောက်အနေဖြင့် ကိုဘခက်ကို လေးစားကြည်ညိုမိသော်လည်း ကိုဘခက်ကို 'မ' အနေနှင့် မည်သို့မျှ အကဲခတ်၍မရပေ။ ကိုဘခက်၏ပညာ၊ ကိုဘခက်၏ဘဝစသည်တို့ကို တွေးကြည့်မိသော်လည်း ခန့်မှန်း၍ မရပေ။ ဒါတင်သာမက ကိုဘခက်သည် ဘယ်လိုလူစားမျိုးဖြစ်သည်ကိုပင် 'မ' အနေနှင့် အကဲခတ်၍မရသေးပေ။ စိတ်မထင်လျှင် ဘုပြောတတ်သောသူဖြစ်သည်။ တစ်ခါတစ်ရံ မမျှော်လင့်သည်ထက် သူက စိတ်ရှည်၍ နေတတ်သည်။ မေး၍ ပြောချင်မှပြောတတ်သည်။ ပြောမည့်ပြောပြန်တော့လည်း နားထောင်ရသူကပင် အားနာရလောက်အောင် စိတ်ရှည်လက်ရှည် ပြော၍ပြတတ်သည်။

ယခုလည်း 'မ' က သူသိလိုသောအကြောင်းကို မရဲတရဲမေးလိုက်မိသည်။ သို့မေးလိုက်မိသော်လည်း ကိုဘခက် ဘုပြောလိုက်မည်ကိုလည်း စိုးရိမ်မိသေးသည်။ ယခုမူ ကိုဘခက်က သူသိလိုသောအကြောင်းများကို စိတ်ရှည်လက်ရှည် ပြောပြနေသည့်အတွက် 'မ' မှာ အံ့သြနေမိသည်။ ကိုဘခက်သည် 'မ' ကို အကဲခတ်သလိုကြည့်ရင်း မေးလိုက်သည်။

"ခင်ဗျားက ဒီဘက်မှာ တော်တော်ဝါသနာကြီးသားပဲ။ အစက ကျွန်တော် ခင်ဗျားကို ဒီလောက်ဝါသနာပါတယ်ကို မထင်ဘူး။ အပျင်းပြေ အပျော်တီးဖို့လောက်ပဲ သင်တယ်မှတ်တာ။ ခုတော့ ခင်ဗျားက တော်တော်စိတ်ဝင်စားသားပဲ"

"ဆရာက 'မ' ကို အစက ဘယ်လိုထင်လို့လဲ။ ခပ်ပေါ့ပေါ့လေ့လာတယ်လို့ ထင်သလား။ 'မ' အလုပ်တစ်ခုခုကို ခပ်ပေါ့ပေါ့ သဘောမထားတတ်ဘူး။ အပျော်လည်း မလုပ်တတ်ဘူး။ တကယ်ဝါသနာပါမှ လုပ်ချင်တယ်။ ဝါသနာမပါတဲ့အလုပ်ကိုလည်း လုပ်ကိုမလုပ်ချင်ဘူး"

ကိုဘခက်သည် သူ၏မခံချင်စိတ်ကလေးကို ကျိတ်၍ ကျေနပ်မိသည်။

"ကျုပ်တွေ့ဖူးတာတော့ ခေတ်ပညာတတ် လူကုံထံသားသမီးတွေဟာ ဂီတပညာကို မိတ်ဆက်လို့ကောင်းအောင်သာ လိုက်စားတာများတယ်။ တချို့ လူကုံထံမျက်နှာကြီးအိမ်တွေမှာ ဆိုရင် မှန်စီရွှေချစောင်းကြီးကို ဧည့်ခန်းမှာ တင်ထားတတ်တယ်။ ဒါပေမဲ့ ဟန်ပြပဲ၊ တကယ်တမ်းကျတော့ ဒီစောင်းကြီးကို သူတို့တီးတာလည်း မဟုတ်ဘူး။ စောင်းပညာရဲ့ တန်ဖိုးလည်း မသိ။ စောင်းသံရဲ့ အရသာလည်း မသိဘူး။ ဒါပေမဲ့ အိမ်မှာ အလှပြအနေနဲ့ ဒီစောင်းကြီးကိုတင်ထားတယ်။ တကယ်ဆိုတော့ ဒီစောင်းကြီးဟာ သူတို့ဧည့်ခန်းမှာ ချိတ်ထားတဲ့ သမင်ချိုလောက်တောင် တန်ဖိုးမရှိဘူး။ သမင်ချိုကမှ အကျီတို့၊ ဦးထုပ်တို့ ချိတ်ရသေးတယ်။ သူတို့ဧည့်ခန်းမှာရောက်နေတဲ့ ဒီစောင်းကြီးဟာ အမှန်တော့ နှမြောစရာတောင်ကောင်းသေးတယ်။ ပန်တျာကျောင်းကိုဖြစ်စေ၊ အရပ်ထဲက ပညာသည်တွေ ဝါသနာအိုးတွေကိုပဲဖြစ်စေ အဲဒီလူကုံထံအိမ်က မတီးဘဲထားတဲ့စောင်းကြီးကို ပေးပစ်ဖို့ကောင်းတယ်။ ကျုပ်တစ်ခါက သူဌေးအိမ်ကို ရောက်ဖူးတယ်။ အဲဒီအိမ်မှာ စောင်းကြီးတစ်လုံး သွားတွေ့တယ်။ တော်တော်ကို ကောင်းတယ်။ ဘယ်သူတီးလဲဆိုတော့ ဘယ်သူမှလည်း မတီးဘူး။ လှလို့ဝယ်ထားသတဲ့။ ဒါနဲ့ အတီးခိုင်းလို့ ကိုင်ကြည့်လိုက်တော့ ကြိုးမရှိဘူး၊ သမင်ရည်ကလည်း ပေါက်လို့၊ ပျက်စီးနေတယ်။ ကျုပ်စိတ်ထဲမှာ တော်တော်ခံပြင်းမိတယ်။ ဒါနဲ့ ခင်ဗျားတို့စောင်းကြီး အိမ်မှာ ဘာမှအသုံးမချရင် ရောင်းပါလို့ ပြောမိတာနဲ့ အဲဒီသူဌေးနဲ့ ကျုပ် အကြီးအကျယ်စကားများရတယ်။ ကျုပ်တွေ့ဖူးတဲ့ လူကုံထံတွေဟာ အိမ်မှာ စန္ဒရားတို့၊ စောင်းတို့၊ စောင်းကောက်တို့ ထားပေမယ့် အမှန်တော့ ဂီတပညာကို မြတ်နိုးကြတာမဟုတ်ဘူး။ တန်ဖိုးကို တကယ်သိကြတာမဟုတ်ဘူး၊ အလှပြဖို့သက်သက်ထားတာပဲ။ ဒီအိမ်ကို ရောက်စက ကျုပ် ဒီလိုပဲထင်တယ်။ ဂီတပညာကို သင်ပေးရမယ်ဆိုပေမယ့် တကယ်စိတ်ဝင်စားပြီး သင်မယ့်လူ ရှိမှာမဟုတ်ဘူးလို့ ထင်တယ်။ ခုတော့ တကယ်သင်ပေးရမယ့်လူတွေ့လို့ ကျုပ်တော်တော်ဝမ်းသာတယ်။ နို့မို့ရင် ကျုပ်ဟာ ဒီအိမ်မှာ အလုပ်ကိုရှိမှာမဟုတ်ဘူး"

'မ' သည် ကိုဘခက်အား သွားကလေးများပေါ်အောင် ပြုံး၍ကြည့်နေလိုက်သည်။

ကိုဘခက်ပြောပုံသည် ရှင်းလင်းပြတ်သားလှပေသည်။

"ဒါဖြင့် ဆရာ ဒီအိမ်မှာ သင်မယ့်လူမရှိရင် ဘယ်လိုလုပ်မလဲ"

"သင်မယ့်လူမရှိရင် ကျုပ် ဒီမှာမနေရုံဘဲရှိတယ်။ ဘုရားစောင်းတန်းသွားပြီး ပြန်စရိတ်ရအောင် တယောထိုးပြီး တောင်းရမှာပေ့ါ"

'မ' သည် ရုတ်တရက် အသံထွက်အောင် ရယ်လိုက်မိသည်။ သို့ရယ်လိုက်သော်လည်း ကိုဘခက်ပြောသောစကားကို လှောင်ပြောင်လို၍ မဟုတ်ပေ။ ကိုဘခက်ပြောပုံကို သဘောကျမိသဖြင့် ရယ်လိုက်ခြင်းဖြစ်လေသည်။

ကိုဘခက်သည် သူပြောသောစကားအတိုင်း တကယ်လုပ်မည့်လူဖြစ်ကြောင်းကိုလည်း 'မ' က ယုံကြည်မိသည်။

"ဆရာ ... အလုပ်တစ်ခုခုလုပ်ပါလား ဆရာ"

"အခုလုပ်နေတာ အလုပ်မဟုတ်ဘူးလား"

ကိုဘခက် ပြန်မေးလိုက်သောစကားကို 'မ' ကိုယ်တိုင် မည်သို့ပြန်ဖြေရမှန်း မသိအောင် ကြောင်၍သွားသည်။

"မဟုတ်ဘူးလေ၊ 'မ' မေးတာက စီးပွားရေးအလုပ်တစ်ခုခုကိုပြောတာ။ ဒီပညာက ခက်ခဲနက်နဲသလောက် စီးပွားရေးအနေနဲ့ကျတော့ မထွန်းကားဘူးဆရာ"

**ဆက်လက်ဖော်ပြပါမည်။**




"ကျုပ်တွေ့ဖူးတာတော့ ခေတ်ပညာတတ် လူကုံထံသားသမီးတွေဟာ ဂီတပညာကို မိတ်ဆက်လို့ကောင်းအောင်သာ လိုက်စားတာများတယ်။ တချို့ လူကုံထံမျက်နှာကြီးအိမ်တွေမှာ ဆိုရင် မှန်စီရွှေချစောင်းကြီးကို ဧည့်ခန်းမှာ တင်ထားတတ်တယ်။ ဒါပေမဲ့ ဟန်ပြပဲ၊ တကယ်တမ်းကျတော့ ဒီစောင်းကြီးကို သူတို့တီးတာလည်းမဟုတ်ဘူး။ စောင်းပညာရဲ့ တန်ဖိုးလည်းမသိ။ စောင်းသံရဲ့ အရသာလည်းမသိဘူး။ ဒါပေမဲ့ အိမ်မှာ အလှပြအနေနဲ့ ဒီစောင်းကြီးကို တင်ထားတယ်။ တကယ်ဆိုတော့ ဒီစောင်းကြီးဟာ သူတို့ဧည့်ခန်းမှာ ချိတ်ထားတဲ့ သမင်ချိုလောက်တောင် တန်ဖိုးမရှိဘူး။ သမင်ချိုကမှ အကျီတို့၊ ဦးထုပ်တို့ ချိတ်ရသေးတယ်။ သူတို့ဧည့်ခန်းမှာရောက်နေတဲ့ ဒီစောင်းကြီးဟာ အမှန်တော့ နှမြောစရာတောင် ကောင်းသေးတယ်။ ပန်တျာကျောင်းကိုဖြစ်စေ၊ ပညာသည်တွေ၊ ဝါသနာအိုးတွေကို . . ."

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## သာစည်မြို့နယ် ကျွဲကျကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲအခမ်းအနားကျင်းပ

**သာစည် စက်တင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲကျကျေးရွာအခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲအခမ်းအနားကို



စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆိုင်းဘုတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအောင်၊ မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဦး၊ သာစည်မြို့နယ် ဒုတိယပညာရေးမှူးဦးတင့်ဘော်၊ ဘုရားငါးဆူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းအုပ်ဒေါ်တင်တင်မြနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးသိန်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးက စနစ်သစ်ပညာရေး အကြောင်းနှင့်ဒုတိယမြို့နယ် ပညာရေးမှူးက ကျောင်းများဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးခြင်းများ ဆောင်ရွက်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ ၅၃ ဦး ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၅၈) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၂)တပ်ခွဲ၊ သဃ်န်းကျွန်းတပ်ခွဲမှူး ဒုတိယရဲမှူး မျိုးသန့်ဦးစီးသည့် တပ်ဖွဲ့ဝင်/မိသားစုများက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆) ရပ်ကွက်ရှိ ပြည်လုံးချမ်းသာ စေတီတော်တွင် စက်တင်ဘာ ၂၁ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ရဲပြန်ကြား

## ကသာခရိုင်တွင် မိုးစပါးစိုက်ခင်းများအား ပိုးမွှားရောဂါကျရောက်မှုရှိ၊ မရှိကွင်းဆင်းစစ်ဆေး

**ကသာ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဆောင်၍ ခရိုင်မြေအသုံးချတာဝန်ခံ၊ ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ကသာမြို့နယ်ကျန်တော ကျေးရွာရှိတောင်သူဦးထွန်းမြင့်၏မိုးစပါးစိုက်ခင်းများတွင် ဖြုတ်ပိုးနှင့် ပိုးမွှားရောဂါကျရောက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်စိုးက မိုးစပါးအပြီး ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးရေး၊ ရေရရှိရေးအတွက် စနစ်တကျဆောင်ရွက်ရေးနှင့်သီးထပ်နှင့် သီးညှပ်စိုက်ပျိုးရေးကိစ္စများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မိုးစပါးတွင် ကျရောက်တတ်သောဖြုတ်ပိုးနှင့် အခြားပိုးမွှားများရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်ကို ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ငယ်ထွေးစုဟန်က လည်းကောင်း၊ သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာတွဲဖက်အသုံးပြုရေး၊ ဓာတ်မြေသြဇာစနစ်တကျအသုံးပြုရေးနည်းလမ်းများကို ခရိုင်မြေအသုံးချတာဝန်ခံ ဦးအေးဝင်းကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ကွင်းဆင်း စစ်ဆေးရာသို့ တောင်သူ ၂၀ နှင့် စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်နှင့်ကသာမြို့နယ်များမှ ဝန်ထမ်းများ ပါဝင်ခဲ့ကြသည်။ ကသာခရိုင်တွင် ၂၀၂၂-၂၀၂၃ နှစ် မိုးစပါးရာသီတွင် ၁၇၃၆၀၈ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ၁၆၅၄၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအနေဖြင့် ၉၅ ဒသမ ၂၈ ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးထံမှ သိရသည်။

အေးမြသက်ထား



## ပေါက်ခေါင်းမြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်

**ပေါက်ခေါင်း စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာပေါက်ခေါင်း မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တပ်ဖွဲ့စု(၂၀) မှရဲအုပ်အောင်ဇော်မိုးက ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်းရက်တိုသင်တန်းဖွင့်လှစ်ရခြင်းရည် ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၂၀)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပြည်)မှရဲအုပ်ထွန်းညွန့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှတ် ( ၄၁ / ၂၀၂၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို တင်ပြဆွေးနွေးခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှုမရှိစေရေး လူကုန်ကူးမှုဖြစ်စေနိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၇၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

## ကျိုက်လတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုပြုလုပ်၍ နှာခေါင်းစည်းများဖြန့်ဝေ

**ကျိုက်လတ် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုအသိပညာပေးလှုပ်ရှားမှုပြုလုပ်၍နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းက အမှတ် (၈) ဖြတ်လမ်းနှင့် မြို့မဈေးအနီး၌ ပြုလုပ်သည်။

အဆိုပါ အသိပညာ ပေးလှုပ်ရှားဟောပြောမှုပြုလုပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာအမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်ကာလတွင် ပြည်သူများ နှာခေါင်းစည်း



ဝတ်ဆင်ရန်၊ လက်ဆေးရန်၊ ကာကွယ်ဆေးထိုးရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များကို လိုက်နာရန် အသိပညာပေးနှိုးဆော်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

၂၀၇



## ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစုံအား ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချ

**ကျုံပျော် စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ပြည်သူများထံသို့ ငါးမျိုးစုံအား ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချခြင်းကို ကျုံပျော်မြို့ ပင်လုံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ယနေ့နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်-၂ ဦးရန်နိုင်ဝင်း၊ ကျုံပျော်ခရိုင် ငါးလုပ်ငန်းတာဝန်ခံဦးစီးမှူး ဦးသန်းအောင်မော်တို့က ဈေးရောင်းချမှုများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ပြည်သူများလက်ဝယ်သို့ ငါးပိသာချိန် ၁၀၀ အား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ရောင်းချရာတွင် ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၊ တီလားပီးယား၊ ငါးခုံးမကြီး၊ ငါးသံချိတ်၊ ငါးပြေမ၊ ငါးဖယ်စသည့် ငါးမျိုးစုံတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် အထူးဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကလည်း ဆန်နှစ်ပြည် ငွေကျပ်၂၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၂၀ ထံသို့ ရောင်းချပေးခဲ့ကြောင်း၊ လာရောက်ဝယ်ယူသူများကလည်း အထူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ကျုံပျော်(ပြန်/ဆက်)

# ရွှေသွေးဂျာနယ် ထွက်ရှိ




**နေပြည်တော် စက်တင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေး ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၄-၉-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေး ဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၉) တွင် ကျားကလေး တစ်ကောင်ရောင်းသည့် ပေါင်မုန့်သည် စားချင်စဖွယ်ဖြစ် သော်လည်း သူ့ကိုကြောက်၍ ပေါင်မုန့်မဝယ်ရဲသည့် တောတွင်းတိရစ္ဆာန်လေးများ၊ နောက်ပိုင်းတွင် သူတို့ပေါင်မုန့် ကို မည်သို့ဝယ်ကြသလဲဆိုသည့်အကြောင်း တင်ဆက်ထား သည့် "ပေါင်မုန့်ရောင်းတဲ့ ကျားကလေးပိုပို" မျက်နှာဖုံး ကာတွန်း၊ တရုတ်နိုင်ငံ၏ အရှည်ဆုံး ရှေးဟောင်းအုတ်တံ တိုင်းကြီးအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "တရုတ်နိုင်ငံ၏ မဟာတံတိုင်းကြီး" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ သူဌေးကြီး ဦးလောဘသည် မိမိ၏လောဘအလိုကို လိုက်မိရာက မိမိပိုင် ပစ္စည်းကိုပါ ဆုံးရှုံးခဲ့ရပုံအကြောင်းကို တင်ဆက်ထားသည့် "လောဘကြီးလို့" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ် အနိုင်ကျင့်ပြီး ဒုက္ခပေးတတ်သော မျောက်တစ်ကောင်သည် နောက်ဆုံးတွင် မိမိတွင်လည်း ဘေးဒုက္ခဖြင့် ရင်ဆိုင်ကြုံတွေ့ ရပုံအကြောင်း ရေးဖွဲ့ထားသည့် "မကောင်းမှုမှန်သမျှ မကောင်းမှုဖြင့်သာ အဆုံးသတ်တယ်" ပုံပြင်ကဏ္ဍ၊ ငယ်ရွယ် ချိန်ကစ၍ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေမည့် အားကစား များကို လုပ်ဆောင်ပေးခြင်းဖြင့် မိမိ၏ ဘဝပန်းတိုင်ရည်မှန်း ချက်များ အထောက်အပံ့ဖြစ်စေပုံ၊ ရောဂါအန္တရာယ်များ ကင်းဝေးစေပုံအကြောင်း ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ နောက်နောင် ဆရာမက လုပ်အား ပေးခေါ်လျှင် လိုက်တော့မည်ဆိုသော မောင်ထွေးအကြောင်း တင်ဆက်ထားသည့် "မောင်ထွေးရဲ့ နောင်တ" ဝတ္ထုကဏ္ဍ၊ ကြိုးများဖြင့် ရစ်ပတ်နေသည့် သူငယ်တော်ရုပ်လေးကို ကူညီပေးနိုင်ရန် အကြံပြုလိုက်သည့်သားငယ်လေးအကြောင်း ရေးဖွဲ့ထားသည့် "သူငယ်တော်" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိ ပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်ရစ်သူမိသားစုဝင်များသိရှိစေရန် ကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အမျိုးသားစာပေတစ်သက်တာဆုရှင်များ၏ စာပေလက်ရာများအနက် လက်ရှိ ခေတ်အခြေအနေကို ထင်ဟပ်ပြီး မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေမည့် စာအုပ်စာစောင်များကို ပြန်လည်ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိရာ ဆရာမကြီးစောမုံညင်း၏ "မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့ မှု" စာအုပ်ကို ပြန်လည်ထုတ်ဝေရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ ဆရာမကြီး၏ မူပိုင်ခွင့် ဆက်ခံရရှိသူများအနေဖြင့် ကန့်ကွက်ရန်ရှိပါက စာပေဗိမာန်သို့ လူကိုယ်တိုင် ဖြစ်စေ သို့မဟုတ် ဖုန်း- ၀၁-၈၂၄၀၀၄၈ သို့ဖြစ်စေ ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စာပေဗိမာန်**


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိ နိုင်ရန်အတွက် အောက်ပါစာအုပ်များ ထုတ်ဝေဖြန့်ချိလျက်ရှိပါသည် -

**၁။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း အတွဲ (၁) (ကျပ် ၃,၀၀၀/-)**

**၂။ ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း အတွဲ (၂) (ကျပ် ၄,၀၀၀/-)**

**၃။ မြန်မာ့နိုင်ငံရေးပါတီများ (၂၀၂၂) (ကျပ် ၁၀,၀၀၀/-)**

**၄။ မြန်မာနိုင်ငံတွင်ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ် (ကျပ် ၅,၀၀၀/-)**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးစာပေဗိမာန်အရောင်းဆိုင်များ၊ ရုံးအမှတ် (၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် စာအုပ်အရောင်းဆိုင်များ တွင် လွယ်လင့်တကူ ဝယ်ယူနိုင်ပြီဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း => ၀၆၇-၃၄၀၄၃၁၃ ၊ ၀၆၇-၃၄၀၄၄၀၇**

**စာအုပ်များ ဝယ်ယူနိုင်ပါပြီ**




**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

■ **မြန်မာအသင်းမှ**

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်ခဲ့ပြီး ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL-2 ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိသည်။

မြန်မာ ယူ-၁၆ အသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးသည် ခြေစစ်ပွဲယှဉ်ပြိုင် မည့် အပြီးသတ်လူစာရင်းကို ယခုရက်ပိုင်း အတွင်း ထုတ်ပြန်မည်ဖြစ်ပြီး စက်တင်ဘာ နောက်ဆုံးပတ်တွင် ဆော်ဒီအာရေဗျနိုင်ငံ သို့ ထွက်ခွာမည်ဖြစ်သည်။

**ကိုညီလေး**


## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်း၊ (Star City)၊ သံလွင်ရိပ်မွန်အိမ်ရာ၌ တည်ရှိသော အဆောက်အဦများအနက် တိုက်အမှတ် (A-1)၊ အခန်းအမှတ်(၆၂)၊ အခန်းအကျယ်အဝန်း စတုရန်းပေ (၉၀၅)ရှိ ကွန်ဒိုတိုက်ခန်းအား Thanlyin Estate Development Ltd., ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲအောင် [၁၂/ လသန(နိုင်)၀၀၅၈၅၀]သည် အထက်ပါ ကွန်ဒိုတိုက်ခန်းကို အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စမ်း စမ်းတင့် [၁၂/ပဘတ(ပြု)၀၀၀၃၃၁] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် တန်ဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင် ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ပါ ကွန်ဒိုတိုက်ခန်းကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ရန်ပြေအရှေ့ (၁၄)လမ်း၊ မြေကွက်အမှတ်(၅၈၇/က)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးအောင်မြင့် [၁၂/သကတ(နိုင်) ၀၄၅၀၉၂]မှ စာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မီထွေး [၆/သရခ(နိုင်)၀၉၉၃၀၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မီထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာအောင်(LL.B, D.I.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၅၀)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၇၂၁၁၁၃၃၆**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ဝဇီရာ(၆) လမ်း၊ မြေကွက်အမှတ်(၃၆၉/ခ)၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးငွေဇင်အောင် [၈/သရန(နိုင်)၀၀၂၃၂၃] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်အမှတ်(၃၆၉/က)၏ မြေအကျယ်အဝန်း (၅x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးငွေဇင်အောင် [၈/သရန(နိုင်)၀၀၂၃၂၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**
**ဦးဇော်မျိုးအောင် (စဉ်-၁၁၄၆၂) (LL.B, D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) (LL.B, D.B.L, D.I.L, WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ စစ်ကိုင်းလမ်း၊ မြေကွက်အမှတ်(၄၁၉)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ ဒေါ်ယုယု လွင်၊ ဒေါ်သန်းသန်းအေးတို့ အမည်ပေါက်သည့် နှစ် (၆၀) ဂရန်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အား မျက်နှာမူပါက (ဝဲဘက်)အခြမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ် (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လွှဲပြောင်း၊ ရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လင်းထွန်း [၁၂/ဥကမ(နိုင်)၁၉၄၇၂၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာ [LL.B,.D.B.L,D.I.L,D.I.R,C.B.D.S (MOFA)] ဒေါ်ဝင်းပပအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁) အထက်တန်းရှေ့နေ(စဉ်-၅၁၁၂၆)**
**အမှတ်-၁၀၁၉(ခ)၊ ဒုတိယထပ်၊ သုဓမ္မာလမ်းမကြီး (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၀၄၄၀၇၁၀၊ ၀၉-၇၈၅၅၅၅၀၃၀**

## ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန်

ကျွန်တော်များ ခရီးသွားလုပ်ငန်းဖြစ်သော Classical Oasis Travel & Tours Co., Ltd တွင် MD ရာထူးတာဝန်ယူဆောင်ရွက်နေသော ဦးဝင်းမြင့်ထွန်းနေရာတွင် ဦးအောင်မြတ်ဦးအား လွှဲပြောင်းတာဝန် ပေးမှုအား ကန့်ကွက်လိုပါက ယခုကြော်ငြာသည့်နေ့မှ (၁၄) ရက် အတွင်း Ph: 959 43081850 သို့ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**Classical Oasis Travel & Tours**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ မင်းရဲကျော်စွာ လမ်း၊ မြေကွက်အမှတ် (၁၀၆၃)၊ ပါမစ်မြေအမျိုးအစား၊ (၄၀'x၆၀') အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးကျော်လှမြင့် [၅/အရတ (နိုင်)၀၁၅၈၁၀] (SBO-၁၀၀၃၉၀)က ပါမစ်အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးဆန်းနိုင်သန့် [၁၂/ပဘတ(နိုင်)၀၁၃၉၀၈]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ် တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ် ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များ ရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်း များ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံး အမိန့်ဒီကရီမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစွမ်းထက်ပိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆) LL.B, DBL, DIL, MA(Business Law) ဖုန်း-၀၉-၄၃၀၉၄၆၇၂**
**ဒေါ်ပိုးဇာနည်ဝင်း အထက်တန်းရှေ့နေ LL.B(စဉ်-၅၀၅၉၅) ဖုန်း-၀၉-၇၉၉၈၉၀၄၉၂**
**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ မင်းရဲကျော်စွာ လမ်း၊ မြေကွက်အမှတ်(၁၀၆၀)၊ ပါမစ်မြေအမျိုးအစား (၄၀'x၆၀') အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးစိန်သောင်း [၁၂/ကမတ (နိုင်)၀၄၀၄၆၃]က ပါမစ်အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးဆန်းနိုင်သန့် [၁၂/ပဘတ(နိုင်)၀၁၃၉၀၈]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက် လိုပါက ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ် တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစွမ်းထက်ပိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆) LL.B, DBL, DIL, MA(Business Law) ဖုန်း-၀၉-၄၃၀၉၄၆၇၂**
**ဒေါ်ပိုးဇာနည်ဝင်း အထက်တန်းရှေ့နေ LL.B(စဉ်-၅၀၅၉၅) ဖုန်း-၀၉-၇၉၉၈၉၀၄၉၂**
**တိုက်(၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ယခင်အစိုးရ တာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း(Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက် ခုချိန်မှာ အခြေခံအုတ်မြစ်တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့်အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

# မွန်ပြည်နယ် ရေးမြို့နယ်၌ နှင်းစုံတံတားအမှတ်(၁/၈၅)သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် စက်တင်ဘာ ၂၂

မွန်ပြည်နယ် ရေးမြို့နယ်၌ နှင်းစုံတံတားအမှတ် (၁/၈၅) သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**၁၀ ပေ ခန့် ပျက်စီး**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်း-တောင်ဘုံ-သောင်ပြင်-အာယုတောင်သွားကားလမ်း နှင်းစုံကျေးရွာ ကျောက်ခွဲစက်အနီး မိုင်တိုင်အမှတ် ၈၄ မိုင် ၀ ဖာလုံနှင့် ၅ ဖာလုံကြား အရှည် ပေ ၁၂၀၊ အနံ ၂၄ ပေရှိ နှင်းစုံသံကူကွန်ကရစ်တံတားအမှတ် (၁/၈၅)အား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် သံကူကွန်ကရစ်တံတား၏ ယာဘက်ကြမ်းခင်း ၁၀ ပေခန့် ပျက်စီးဆုံးရှုံးခဲ့၍ ဆိုင်ကယ်နှင့် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖



## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အောက်တိုဘာ ၁ ရက် စတင်မည်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စုပွဲများကို အောက်တိုဘာ ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၄၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(ဃ)တွင် ဆော်ဒီအာရေဗျ၊ မော်လ်ဒိုက်၊ အိန္ဒိယ၊ ကူဝိတ်အသင်းတို့နှင့် ပါဝင်နေပြီး ယင်းအုပ်စုပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကာလရှည် လေ့ကျင့်ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ဩဂုတ်လတွင်

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ■

## ငါန်းဇွန်မြို့နယ်နှင့် မြောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လူမဆန်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်းပေးမှုများကြောင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေလည်သောင်ကျေးရွာအနီး၌ ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **စိုင်းထက်အောင်၊ လှိုင်မျိုးအောင်၊** ကြံ့ခိုင်ထွန်းတို့ သုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

**ယနေ့** ဖတ်စရာ

**ကျွန်တော်တို့က ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံစွာနဲ့ လိုရာခရီးကို သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရေးနဲ့ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် စိတ်နှလုံးကောင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်**

စာမျက်နှာ » ၈

**အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်**

စာမျက်နှာ » ၉